# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၂)ရက် ၊ ကြာသပတေးနေ့ ၊ (8-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၆၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့

## မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit) ရောက်ရှိ



**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ အန်နဝါ ဘင် အီဘရာဟင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit) သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစော၊ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊

စာမျက်နှာ ၁၈ ကော်လံ ၁

### ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မလေးရှားနိုင်ငံရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး မစ္စတာ ဒါတွတ်ဆရီ ဂျိုဟာရီ အဗ္ဗဒူလ် ဂါနီ ဦးဆောင်သည့် မလေးရှားနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများက မလေးရှားနိုင်ငံ ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

## တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်(Land Depression)၏ အရှိန်ကြောင့်

စာမျက်နှာ ၂၆ ကော်လံ ၄



ကူညီကယ်ဆယ်ရေးအဖွဲ့များက စက်ယန္တရားများအသုံးပြု၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးစဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊

စာမျက်နှာ ၂၆ ကော်လံ ၄



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

**ရတနာပုံ ယနေ့ဖတ်စရာ**

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး

စာမျက်နှာ - ၂၈

ရတနာပုံ

၂၀၂၆ ခုနှစ် အောက်တိုဘာ ၈ ရက်

အယ်ဒီတာ့အာဘော်

## စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုစီးပွားကဏ္ဍများ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုး

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းက မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြသည်။ မြန်မာနိုင်ငံသည်လည်း မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုစီးပွားကဏ္ဍများကို ဟန်ချက်ညီညီပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်ကြ၍ အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် စပါးစိုက်ပျိုးဧက ၁၅ သန်း၊ ပြောင်းစိုက်ပျိုးဧက ၁ ဒသမ ၉ သန်း၊ ပဲမျိုးစုံစိုက်ပျိုးဧက ၂ ဒသမ ၇ သန်း၊ နှမ်းစိုက်ပျိုးဧက လေးသန်း စသည်ဖြင့် စုစုပေါင်း စိုက်ပျိုးဧက ၃၃ သန်းကျော်ရှိသည်။ ထို့အတူပင် စိုက်ပျိုးရေးနှင့်ဆက်စပ်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ဟန်ချက်ညီညီ ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်၏ ဝင်ငွေများတိုးတက်လာပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံအတွက် လယ်ယာကဏ္ဍသည် စားရေရိက္ခာဖူလုံရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံအကျဆုံးကဏ္ဍဖြစ်သည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တန်ဖိုးမြှင့်ထုတ်ကုန်၊ စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးလာပြီး အလုပ်အကိုင်နှင့် ပြည်သူ့ဝင်ငွေတိုးတက်လာကာ GDP မြင့်မားလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လယ်ယာကဏ္ဍမြှင့်တင်ရေးသည် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် အရေးကြီးသော ခြေလှမ်းဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အတွက် လယ်ယာထွက်ကုန်မှ တန်ဖိုးမြှင့်ထွက်ကုန်၊ MSME လုပ်ငန်းများမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်ဈေးကွက်ထိ တန်ဖိုးကွင်းဆက်တစ်လျှောက် ချိတ်ဆက်ပြီး နိုင်ငံ့ထုတ်ကုန်တိုးတက်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိသကဲ့သို့ "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆိုသည့်အတိုင်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် တင်ပို့နိုင်ရေးအတွက်လည်း လမ်းညွှန်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်း၊ Agro–based Industries များနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်ပြီး ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး၊ ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးများကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ သက်ဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူများ၊ စက်မှုစီးပွားလုပ်ငန်းရှင်များက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီး



**ကျွန်းလှ အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၂၅၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၃ ဒသမ ၅၃ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မြေပဲ ၇၂၅၆ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ်တိုးချဲ့စိုက်ပျိုးလာပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကင်းထောက်မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

## ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ရက် ၉၀ စပါး တင်းရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျုံပျော် အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ရက် ၉၀ စပါးတင်းရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရက် ၉၀ စပါးတင်းရေ ၃၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ရက် ၉၀ စပါးတင်းရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်က ရက် ၉၀ စပါးတွေကို စက်တင်ဘာလ ပထမပတ်ကနေစတင်ပြီး ဝယ်ယူအားတက်ခဲ့တာပါ။ ဒီဘက်က ရက် ၉၀ စပါးတင်းရေ ၄၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးက ဆန်နဲ့စပါးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ ရက် ၉၀ စပါးတွေ အဝယ်လိုက်နေပါတယ်"ဟု ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၇၀၀၀ ထိ ဈေးပေါက်ကြောင်း၊ အဆိုပါ စပါးများကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

## ပုသိမ်ကြီးမြို့နယ် သက္ကယ်ကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သက္ကယ်ကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သက္ကယ်ကျင်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦး ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# သထုံမြို့နယ် နောင်ဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သထုံ အောက်တိုဘာ ၇**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ဘိုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးချိုထွန်း၊ ညွှန်ကြားရေးမှူး ဦးမျိုးမျိုး၊ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက နောင်ဘိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးချိုထွန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကွန်ကရစ်လမ်း ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်း သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သုတ**

# ပြင်ဦးလွင်မြို့နယ် မန်ကျည်းအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွန်ကောင်းကျေးရွာအုပ်စု မန်ကျည်းအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၆ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မန်ကျည်းအင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၄၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သော်ဇင်ထူး**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မုံရွာ အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းကေ ၁၁၆၇၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ နှမ်းကေ ၁၁၆၇၀ ထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နှမ်းခင်းတွေ လက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ငါန်းဇွန်မြို့နယ် ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငါန်းဇွန် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျောက်တလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် ရေလုပ်ငန်းများဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျောက်တလုံးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၁ ဦးကို ရန်ပုံငွေကျပ် ၃၁ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# သာပေါင်းမြို့နယ်တွင် မနောသုခဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**သာပေါင်း အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် မနောသုခဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးမြင့်က ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် စက်တင်ဘာလတတိယပတ်မှ ယနေ့ထိ ဒေသထွက် မနောသုခဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ မနောသုခဆန်များ တစ်ရက်လျှင် ၂၄ ပြည်ဝင်အိတ်ရေ ၁၀၀၀ နှင့်အထက် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မနောသုခဆန်က အခြားဆန်တွေထက် အရောင်းအဝယ်ပိုဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှု အားကောင်းလာတာကြောင့် အခုလို မနောသုခဆန်တွေ အရောင်းအဝယ် ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ်ကောင်းနေတဲ့ မနောသုခဆန်တွေက နွေကာလက ကျန်တဲ့ဆန်အဟောင်းတွေပါ။ မနောသုခဆန်တွေ အရောင်းအဝယ်ကောင်းလာတော့ ဆန်စပါးလုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာပါတယ်။ လက်ရှိ ဒေသထွက် မနောသုခဆန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူအားကောင်းလာပါတယ်"ဟု သာပေါင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးမြင့်က ပြောပြသည်။

သာပေါင်းမြို့နယ်တွင် မနောသုခဆန်အပါအဝင် အခြားဆန်များကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိရာ မနောသုခဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မနောသုခဆန်များ အရောင်းအဝယ်ကောင်းမွန်သောကြောင့် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အမရပူရမြို့တော် နန်းတော်သုတေသန

ဗိုလ်ရှိတ်(ရတနာပူရ)

**စက်တင်ဘာ ၂၄ ရက်မှအဆက်**

**ဘိုးတော်ဗဒုံမင်း၏ဘဝနိဂုံး**

ဘိုးတော်ဗဒုံမင်းသည် ၁၈၈၁ ခုနှစ် နယုန်လဆန်း ၁၃ ရက်နေ့ (၁၈၁၉ ခုနှစ်၊ ဇူလိုင် ၄ ရက်)တွင် နတ်ရွာစံခဲ့သည်။ ဘိုးတော်ဗဒုံမင်းနတ်ရွာစံနှစ်ကို ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၌ "သီရိပဝရဝိဇယာနန္တပသတြိဘဝနာဒိတျာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံတော်ရှိသော ဆင်ဖြူများသခင် အသျှင်ဘဝရှင် မင်းတရားကြီးဘုရားသည် သက္ကရာဇ်(၁၁ဝ၆) တစ်ထောင့်တစ်ရာခြောက်ခု၊ တန်ခူးလပြည့်ကျော် ခြောက်ရက်၊ တနင်္လာနေ့ (၁၇၄၅ ခု၊ မတ်လ ၁၁ ရက်) ညဥ့်သုံးချက်တီးကျော်ငါးနာရီ မိဿတွင် ရာဟု၊ သိဟ်တွင်အင်္ဂါ၊ တူတွင်ကြာသပတေး၊ ဗြိစ္ဆာတွင်စန်း၊ ဓနုတွင်းစနေ၊ ကုံတွင်လက်နှင့် ဗုဒ္ဓဟူး၊ မိန်တွင် တနင်္ဂနွေသောကြာ၊ နက္ခတ်တစ်ဆယ့်ခြောက်လုံး၊ နှစ်ပါဒ်၊ ခုနှစ်ဗီဇနာတွင် ဖွားတော်မူသည်။ သက်တော်သုံးဆယ့်ခုနှစ်နှစ်၊ သက္ကရာဇ်(၁၁၄၃) တစ်ထောင့်တစ်ရာလေးဆယ့်သုံးခု၊ တပို့တွဲလပြည့်ကျော် တစ်ဆယ့်လေးရက်(၁၇၈၂ ခု၊ ဖေဖော်ဝါရီ ၁၁ ရက်) တနင်္လာနေ့တွင် ရတနာပူရအင်းဝရွှေနန်းကို တက်သိမ်းစိုးစံတော်မူ၍ မင်းပြုတော်မူသည်။ မင်းစည်းစိမ်တော် ရတနာပူရအင်းဝရွှေနန်းတွင် တစ်နှစ်နှင့်လေးလ၊ အမရပူရရွှေနန်းတော်ဝယ် သုံးဆယ့်ခြောက်နှစ်၊ နှစ်ပေါင်းသုံးဆယ့်ခုနှစ်နှစ်နှင့် လေးလပတ်လုံး မင်းအဖြစ်ဖြင့် သာသနာတော်မြတ်အစီးအပွား၊ ကိုယ်တော်မြတ် အစီးပွား သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တို့၏ အစီးအပွား ပြည်သူလူတကာသတ္တဝါအပေါင်းတို့၏ အစီးအပွားကို ရွက်ဆောင်တော်မူ၍ အိမ်နိမ့်သုံးဆယ့်ခြောက်နှစ်နှင့်ဆယ်လ၊ ရွှေနန်းတော်ထက် စည်းစိမ်သုံးဆယ့်ခုနှစ်နှစ်နှင့်လေးလ၊ သက်တော် ခုနှစ်ဆယ့်ငါးနှစ်နှင့် နှစ်လသော် လူပြည်ပြီး၍ နတ်ပြည်ပြောင်းစံတော်မူသည်"ဟူ၍ ဖော်ပြထားသည်။

သက္ကရာဇ် ၁၁၄၅ ခုနှစ်မှ ဘိုးတော်ဗဒုံမင်း နတ်ရွာစံသည့် ၁၁၈၁ ခုနှစ်ထိ ဘိုးတော်ဗဒုံမင်းသည် အမရပူရမြို့၌ ၃၆ နှစ် နန်းစံခဲ့သည်။ နန်းစံ ၃၆ နှစ်ကာလအတွင်း ဘိုးတော်ဗဒုံမင်းသည်

၁။ အမရပူရမြို့တော်

၂။ ရွှေနန်းတော်(၁၁၄၄)

၃။ ဒုတိယရွှေနန်းတော်

၄။ မင်းကွန်းနန်းတော်

၅။ ရွှေကြာအင်းနန်းမြို့တော် တို့ကိုတည်ဆောက်ခဲ့ကြောင်း တွေ့ရသည်။ အခြားဒေသ၌ တည်ဆောက်ခဲ့သော မြို့တော်၊ နန်းတော်များကို မရေတွက်ဘဲ အမရပူရမြို့တော်၌ တည်ဆောက်ခဲ့သော နန်းတော်များကိုသာ ရေတွက်ပါက ဘိုးတော်ဗဒုံမင်းသည် အမရပူရမြို့တော်၌ မြို့တော်တစ်ကြိမ်၊ နန်းတော်နှစ်ကြိမ် တည်ဆောက်ခဲ့သည်ကို တွေ့ရသည်။

**ဘကြီးတော်စစ်ကိုင်းမင်း**

ဘိုးတော်ဗဒုံမင်းနတ်ရွာစံသောအခါတွင် မြေးတော် ဘကြီးတော်စစ်ကိုင်းမင်းသည် အမရပူရထီးနန်းကို ၁၁၈၁ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်(၁၈၁၉ ခုနှစ် ဇူလိုင်လ ၅ ရက်)နေ့တွင် ဆက်ခံခဲ့သည်။ ဘကြီးတော်စစ်ကိုင်းမင်းသည် နန်းတက်စက အမရပူရမြို့၌ဖြစ်သော်လည်း အမရပူရမြို့၌ ကြာရှည်စွာစိုးစံခဲ့ခြင်းမရှိပေ။ နန်းတက်ပြီး နှစ်နှစ်အကြာ ၁၁၈၃ ခုနှစ်တွင် အင်းဝမြို့ကို စတုတ္ထအကြိမ်ပြန်လည်တည်ဆောက်ခဲ့သည်။ အင်းဝမြို့နန်းအလုံးစုံပြီးပြေသောအခါတွင် နန်းမြို့တော်အမည် အောင်ချာပူရ၊ ရွှေနန်းတော်အမည်မြတ်နန်းအောင်ချာဟု ကမ္ပည်းတင်ခဲ့သည်။ အမရပူရမြို့တော်မှ အင်းဝမြို့တော်သစ်သို့ ၁၁၈၅ ခု၊ တပေါင်းလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၈၂၄ ခု၊ မတ်လ ၃ ရက်)တွင် ပြောင်းရွှေ့စိုးစံခဲ့သည်။ ဘကြီးတော်စစ်ကိုင်းမင်း အမရပူရမှ အင်းဝမြို့တော်သို့ ပြောင်းရွှေ့သောအခါတွင် အမရပူရမြို့သည် နေပြည်တော်အဖြစ်မှ လျော့ကျခဲ့ရပေသည်။

**အမရပူရခေတ်ပထမပိုင်းနိဂုံး**

အမရပူရမြို့ကို ဘိုးတော်ဗဒုံမင်းသည် ၁၁၄၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၁၈၅ ခုနှစ်တွင် ဘကြီးတော်စစ်ကိုင်းမင်း နောက်ဆုံးစိုးစံခဲ့သည်။ အမရပူရမြို့ကို စတည်သည့် သက္ကရာဇ် ၁၁၄၄ ခုနှစ်မှ ဘကြီးတော်စစ်ကိုင်းမင်း နောက်ဆုံးစိုးစံခဲ့သည့်

**❖ ဘိုးတော်ဗဒုံမင်းတည်ခဲ့သော အမရပူရခေတ်ကို ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် ပထမအမရပူရခေတ်သည် ၄၁ နှစ် ကြာခဲ့ပြီး မင်းဆက်နှစ်ဆက်စိုးစံခဲ့သည်။ သာယာဝတီမင်းတည်ခဲ့သော ဒုတိယအမရပူရခေတ်သည် ၁၇ နှစ် ကြာရှည်ခဲ့ပြီး မင်းဆက်သုံးဆက်စိုးစံခဲ့သည်။ မြို့တော်ဆောက်သည့် အရေအတွက်မှာ ဘိုးတော်ဗဒုံမင်းတစ်ကြိမ်၊ သာယာဝတီမင်းတစ်ကြိမ် ဖြစ်သောကြောင့် မြို့တော်နှစ်ကြိမ်တည်ဆောက်ခဲ့သည်။ နန်းတော်တည်ဆောက်သော အရေအတွက်မှာ ဘိုးတော်ဗဒုံမင်းနှစ်ကြိမ်၊ သာယာဝတီမင်းတစ်ကြိမ် ဖြစ်သောကြောင့် အမရပူရ၌ နန်းတော်သုံးကြိမ်တည်ဆောက်ခဲ့သည်။ ❖**

၁၁၈၅ ခုနှစ်ထိ အမရပူရမြို့သက်သည် နှစ်ပေါင်း ၄၁ နှစ်ကြာမြင့်ခဲ့သည်။ နှစ်ပေါင်း ၄၁ နှစ်အတွင်း စိုးစံခဲ့သောမင်းမှာ ဘိုးတော်ဗဒုံမင်းနှင့် ဘကြီးတော်စစ်ကိုင်းမင်းနှစ်ပါးသာဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်းနောက် နန်းတက်ခဲ့သော ညီတော် သာယာဝတီမင်းသည် အမရပူရမြို့ကို သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ဒုတိယအကြိမ်ပြန်လည်စိုးစံခဲ့သည်။ ထို့ကြောင့် ဘိုးတော်ဗဒုံမင်းနှင့် ဘကြီးတော်စစ်ကိုင်းမင်း စိုးစံခဲ့သော အမရပူရမြို့သက် ၄၁ နှစ်တာကာလကို အမရပူရခေတ် ပထမပိုင်း သို့မဟုတ် ပထမအမရပူရခေတ်ဟု ခွဲခြားခေါ်သင့်သည်။ သာယာဝတီမင်း ဒုတိယအကြိမ်တည်ခဲ့သောကာလကို အမရပူရခေတ် ဒုတိယပိုင်း သို့မဟုတ် ဒုတိယအမရပူရခေတ်ဟု ခွဲခြားသင့်ပါသည်။

**သာယာဝတီမင်း**

သာယာဝတီမင်းသည် ဘကြီးတော်စစ်ကိုင်းမင်း၏ညီတော်ဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် ညီတော်သာယာဝတီမင်းနှင့် မသင့်မတင့်ဖြစ်ခဲ့သည်။ ထို့ကြောင့် သာယာဝတီမင်းသည် အင်းဝမှ ရွှေဘိုမြို့သို့ထွက်ကာ ဘကြီးတော်စစ်ကိုင်းမင်းကို ပုန်ကန်ခြားနားခဲ့သည်။ သို့သော် ဘကြီးတော်စစ်ကိုင်းမင်းသည် ညီတော်သာယာဝတီမင်းနှင့် စစ်တိုက်ခြင်းမပြုဘဲ ၁၁၉၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေ(၁၈၃၇ ခုနှစ် ဧပြီလ ၃၀ ရက်)တွင် ညီတော် သာယာဝတီမင်းကို ထီးနန်းလွှဲအပ်ပေးခဲ့သည်။ သာယာဝတီမင်းသည် နောင်တော်ထံမှ ထီးနန်းကိုဆက်ခံရရှိပြီးသောအခါတွင် အင်းဝမြို့၌ စိုးစံခဲ့ခြင်းမရှိပေ။ အမရပူရမြို့တော်ကို ဒုတိယအကြိမ် ပြန်လည်တည်ထောင်ကာ စိုးစံခဲ့သည်။ သာယာဝတီမင်းသည် အမရပူရမြို့တော်၊ နန်းတော်ကို ၁၂၀၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၁ ရက်(၁၈၃၉ ခု၊ ဖေဖော်ဝါရီလ ၂၃ ရက်) နေ့တွင် စတင်ပန္နက်ချတည်ခဲ့သည်။ သာယာဝတီမင်းသည် အမရပူရမြို့ကို ဒုတိယအကြိမ် ပြန်လည်တည်ထားစိုးစံခဲ့သောကြောင့် ရာဇဝင်တော်ကြီးများ၌ သာယာဝတီမင်းကို အမရပူရ ဒုတိယမြို့တည်နန်းတည်မင်းတရားကြီးဟု မှတ်တမ်းတင်ကြသည်။

**မြို့တည်နန်းတည်ရက်စဉ်သမိုင်း**

သာယာဝတီမင်း အမရပူရမြို့တည်နန်းတည်သည့်အကြောင်းကို ရှင်းလင်းစွာ သိနိုင်ရန် ရက်စဉ်သမိုင်းကို ဖော်ပြပါမည်။ ရက်စဉ်သမိုင်းသည် မြို့တည်နန်းတည်နေ့များကို လေ့လာရာတွင် ရှင်းလင်းလွယ်ကူသည်။

| | |
|---|---|
| ၁။ ၁၁၉၉ ခု၊ သတင်းကျွတ် လဆုတ် ၃ ရက် အင်္ဂါနေ့ (၁၇-၁၀-၁၈၃၇) | = အမရပူရမြို့တည်မည်။ အခမ်းအနားလုပ်ဆောင်၍ ဆင်းရဲသားများကို မထိပါးစေရ။ ငွေတော်ထုတ်ပေး၍လုပ်ဆောင်ရမည့်အမိန့်ရှိ။ |
| ၂။ ၁၁၉၉ ခု၊ တန်ဆောင်မုန်းလဆုတ် ၁၁ ရက်၊ ကြာသပတေးနေ့(၂၃-၁၁- ၁၈၃၇) | = အမရပူရမြို့တွင် နန်းတော် မဆောက်မီ အနောက်မြောက်အရပ်၌ ယာယီစံနန်းတော်စလုပ် |
| ၃။ ၁၁၉၉ ခု၊ ပြာသိုလ (၁၈၃၈၊ ဇန်နဝါရီလ) | = ရွှေနန်းတော်ကြီးဆောက်လုပ်ရန် အညာတစ်ပြင်မြို့ရွာများသို့သစ်တော်ဝယ်အရာရှိ ခန့်ထားသွားခိုင်း |
| ၄။ ၁၂၀၀ ပြည့်နှစ် ဝါခေါင်လဆုတ် ၁ ရက် တနင်္လာနေ့ (၆-၈-၁၈၃၈) | = ရွှေနန်းတော်ကြီး ဆောင်ပုံများ စလုပ် |
| ၅။ ၁၂၀၀ ပြည့်နှစ် တော်သလင်းလဆုတ် ၁၂ ရက်၊ စနေနေ့(၁၅-၉-၁၈၃၈) | = ရွှေနန်းတော်ကြီး တည်လုပ်ရန်သစ်များတောစာပယ် |
| ၆။ ၁၂၀၀ ပြည့်နှစ်၊ နတ်တော်လဆုတ် ၁၃ ရက်၊ သောကြာနေ့ (၁၄-၁၂-၁၈၃၈) | = ရွှေနန်းတော်တည်ရန် သစ်တော်များကို မင်းညီမင်းသားတို့ဖောင်တော်ဆိပ်မှ နန်းမြို့တော်အတွင်းဆောင်ယူ |
| ၇။ ၁၂၀၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၃ ရက် တနင်္ဂနွေ(၂၇-၁၁-၁၈၃၉) | = ရွှေနန်းတော်ကြီး တည်ရာမြေကို စ၍ မြေစနစ် |
| ၈။ ၁၂၀၀ ပြည့်နှစ် တပို့တွဲလဆုတ် ၅ ရက် တနင်္ဂနွေ (၃-၂-၁၈၃၉) | = မြို့တော်နန်းတော်ခုနစ်ဌာနတစ်ပြိုင်တည်း ရွှေပန္နက် ငွေပန္နက်ချ |
| ၉။ ၁၂၀၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ သောကြာ(၂၂-၂-၁၈၃၉) | = မြို့တော်နန်းတော်ခုနစ်ဌာနတစ်ပြိုင်တည်းတည်လုပ် |
| ၁၀။ ၁၂၀၁ ခု၊ သီတင်းကျွတ် လဆုတ် ၉ ရက် သောကြာ(၂၉-၁၁-၁၈၃၉) | = ရွှေနန်းတော်ကြီး ဆောက်လုပ်ပြီး ပြေ၍အမွမ်းတင် |
| ၁၁။ ၁၂၀၂ ခု၊ ကဆုန်လဆန်း ၁၄ ရက်၊ ကြာသပတေး (၁၄-၅-၁၈၄၀) | = ရွှေနန်းတော်ကြီး အဆောင်တော်များကို ထီးမှန်ကင်းတင် |
| ၁၂။ ၁၂၀၂ ခု၊ နယုန်လဆန်း ၃ ရက် အင်္ဂါနေ့ (၂-၆-၁၈၄၀) | = ရွှေမြို့တော်ကြီးတံခါး ၁၂ ရပ်ကို ရေးအမည်အတိုင်း သမုတ်ပြဋ္ဌာန်း။ မြို့တည်သက္ကရာဇ်ကို ၁၂၀၂ ခု ရေးသားပြီး တံခါးမော်ကွန်းတိုင်များ အသစ်ပြောင်းလဲစိုက်ထူ။ နန်းမြို့တော်ကို အောင်မြေစံရာ၊ ရွှေနန်းပြာသာဒ်တော်ကြီးကို အောင်နန်းသာစံ ကမ္ပည်းတပ်။ |
| ၁၃။ ၁၂၀၂ ခု၊ ဝါဆိုလဆန်း ၁၁ ရက် ကြာသပတေး (၉-၇-၁၈၄၀) | = အရှင်နှစ်ပါးရွှေနန်းတော်ကို လက်ယာရစ် တက်သိမ်းစံပယ်။ |

အထက်ပါ ရက်စဉ်သမိုင်းအရ သာယာဝတီမင်းသည် အမရပူရမြို့တော် နန်းတော်သစ်တည်စီမံကိန်းကို ၁၁၉၉ ခုနှစ်ကတည်းက စတင်ခဲ့ကြောင်း တွေ့ရသည်။ ၁၂၀၂ ခုနှစ်မှ အလုံးစုံပြီးပြေပြီး တက်သိမ်းစံပယ်ခဲ့ရာ မြို့တည်စီမံကိန်းသည် သုံးနှစ်ကြာမြင့်ခဲ့သည်။ မြို့တော်တည်သည့် ရက်စွဲကို ကမ္ပည်းတင်ရာတွင် သက္ကရာဇ် ၁၂၀၂ ခုနှစ်ကိုသာ ကမ္ပည်းတင်ခဲ့သည်။ မြို့တော်တံခါး ၁၂ ရပ်ကို ဘိုးတော်ဗဒုံမင်းလက်ထက်က အမည်အတိုင်းပေးခဲ့သည်။ နန်းမြို့တော်အမည်ကို အောင်မြေစံရာ၊ ရွှေနန်းတော်ကြီးကို အောင်နန်းသာစံဟု ကမ္ပည်းဝင်ခဲ့သည်။

**ပုဂံမင်း**

သာယာဝတီမင်းသည် အမရပူရနန်းတော်ကို ၁၂၀၂ ခုနှစ်တွင် တက်သိမ်းစံပယ်ခဲ့သည်။ နတ်ရွာစံသည်မှာ ၁၂၀၈ ခုနှစ်ဖြစ်သည်။ ထို့ကြောင့် သာယာဝတီမင်းသည် အမရပူရနန်းတော်၌ ခြောက်နှစ်သာ စိုးစံခဲ့ရသည်။ သာယာဝတီမင်း နတ်ရွာစံသောအခါတွင် သားတော်ပုဂံမင်းသည် ၁၂၀၈ ခုနှစ်တွင် အမရပူရထီးနန်းကို ဆက်ခံခဲ့သည်။ ပုဂံမင်းသည်လည်း အမရပူရမြို့တော်၌ ကြာရှည်စွာမစိုးစံခဲ့ရပေ။ ပုဂံမင်းသည်ညီတော်မင်းတုန်းမင်း၊ ကနောင်မင်းသားတို့နှင့် မသင့်မတင့်ဖြစ်ရာမှ ညီတော်မင်းတုန်းမင်းကို ၁၂၁၄ ခု၊ တပေါင်းလဆန်း ၁၀ ရက်နေ့ (၁၈၅၃ ခု၊ ဖေဖော်ဝါရီလ ၁၆ ရက်)တွင် ထီးနန်းကို လွှဲပေးခဲ့သည်။ ထို့ကြောင့် ပုဂံမင်းသည် အမရပူရထီးနန်းကို

**စာမျက်နှာ ၅ သို့** á

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧက ၂၃၈၀ စိုက်ပျိုးမည်



ယခင်နှစ်က မုန်လာဥစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ လျာထားဧက ၂၃၈၀ ထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၂၃၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ အခက်အခဲမရှိ စနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်တဲ့ကာလ အိမ်မဲမြို့နယ်မှာ စားဖိုဆောင်သီးနှံ ဧက ၂၃၈၀ ထိ စိုက်ပျိုးသွားပါမယ်။ လက်ရှိမှာတော့ စားဖိုဆောင်သီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ပြင်ဆင်နေပါတယ်။ စိုက်ပျိုးမဲ့ အသီးအနှံတွေ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်စေဖို့၊ ဈေးကွက်ဝင် အသီးအနှံတွေစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးနည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံတွေမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

á စာမျက်နှာ ၄ မှအဆက်

ခြောက်နှစ်သာ စိုးစံခဲ့ရသည်။ ပုဂံမင်းသည် အမရပူရမြို့တော်၌ စတုတ္ထမြောက်စိုးစံခဲ့သော မင်းဖြစ်သောကြောင့် ရာဇဝင်ကြီးများ၌ အမရပူရစတုတ္ထနန်းစံမင်းတရားကြီးဟု ခေါ်ခဲ့ကြသည်။

**မင်းတုန်းမင်း**

မင်းတုန်းမင်းသည် နောင်တော်ပုဂံမင်းထံမှ ထီးနန်းကို ဆက်ခံခဲ့သော်လည်း အမရပူရ၌ ကြာရှည်စွာမနေခဲ့ပေ။ ရတနာပုံမြို့သစ်ကို တည်ပြီး မန္တလေးသို့ ပြောင်းရွှေ့သွားခဲ့သည်။ အမရပူရမှ ရတနာပုံမြို့သစ်သို့ မင်းတုန်းမင်းသည် ၁၂၁၉ ခုနှစ်တွင် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မင်းတုန်းမင်းသည် အမရပူရမြို့၌ ငါးနှစ်သာနန်းစံခဲ့သည်။

**ဒုတိယအမရပူရခေတ်နိဂုံး**

သာယာဝတီမင်း တည်ထောင်ခဲ့သော ဒုတိယအမရပူရမြို့တော်သည် တက်သိမ်းစံပယ်ခဲ့သည့် ၁၂၀၂ ခုနှစ်မှ မင်းတုန်းမင်း ရတနာပုံမြို့သို့ ပြောင်းရွှေ့သည့် ၁၂၁၉ ခုနှစ်ထိ နှစ်ပေါင်း ၁၇ နှစ်သာ ကြာမြင့်ခဲ့သည်။ ၁၇ နှစ်အတွင်း မြို့တော်နန်းတော် တစ်ကြိမ်သာ တည်ထားခဲ့ပြီး မင်းသုံးဆက်သာ စိုးစံခဲ့သည်ကို တွေ့ရသည်။ သာယာဝတီမင်း ဒုတိယအကြိမ် တည်ထားခဲ့သော အမရပူရခေတ်ကို ဒုတိယအမရပူရခေတ်ဟု ပိုင်းခြားခေါ်ဝေါ်သင့်သည်။

**နိဂုံး**

ဘိုးတော်ဗဒုံမင်းတည်ခဲ့သော အမရပူရခေတ်ကို ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် ပထမအမရပူရခေတ်သည် ၄၁ နှစ်ကြာခဲ့ပြီး မင်းဆက်နှစ်ဆက်စိုးစံခဲ့သည်။ သာယာဝတီမင်း တည်ခဲ့သော ဒုတိယအမရပူရခေတ်သည် ၁၇ နှစ် ကြာရှည်ခဲ့ပြီး မင်းဆက်သုံးဆက်စိုးစံခဲ့သည်။ မြို့တော်ဆောက်သည့် အရေအတွက်မှာ ဘိုးတော်ဗဒုံမင်းတစ်ကြိမ်၊ သာယာဝတီမင်းတစ်ကြိမ် ဖြစ်သောကြောင့် မြို့တော်နှစ်ကြိမ် တည်ဆောက်ခဲ့သည်။ နန်းတော်တည်ဆောက်သော အရေအတွက်မှာ ဘိုးတော်ဗဒုံမင်းနှစ်ကြိမ်၊ သာယာဝတီမင်းတစ်ကြိမ်ဖြစ်သောကြောင့် အမရပူရ၌ နန်းတော်သုံးကြိမ် တည်ဆောက်ခဲ့သည်။ အမရပူရမြို့တော်၌ စိုးစံခဲ့သော မင်းအရေအတွက်ကို စာရင်းချ၍ ပြပါမည်။

| | |
|---|---|
| ၁။ ဘိုးတော်ဗဒုံမင်း | (နန်းစံ ၃၆ နှစ်) |
| ၂။ ဘကြီးတော်စစ်ကိုင်းမင်း | (နန်းစံ လေးနှစ်) |
| ၃။ သာယာဝတီမင်း | (နန်းစံခြောက်နှစ်) |
| ၄။ ပုဂံမင်း | (နန်းစံခြောက်နှစ်) |
| ၅။ မင်းတုန်းမင်း | (နန်းစံလေးနှစ်) |

ဖြစ်ပေသည်။

အမရပူရမြို့သည် စတင်သည့် ၁၁၄၄ ခုနှစ်မှတွက်လျှင် ယခုအခါ နှစ်ပေါင်း ၂၄၄ နှစ် သက်တမ်းရှိ မြို့ဟောင်းတစ်မြို့ဖြစ်သည်။ ယခုအခါ အမရပူရမြို့သည် ခရိုင်မြို့ကြီးတစ်မြို့အဖြစ် စည်ကားလာသော်လည်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် လက်ရာများစွာ ကျန်နေသည်ကို တွေ့ရသည်။ မြို့ရိုး၊ ကျုံး စသည်တို့မှာ ကျန်သင့်သလောက်ကျန်ရှိနေသည်။ အချို့နေရာများတွင် ကျုံးရာ၊ မြို့ရိုးများထင်ရှားစွာရှိသည်။ အမရပူရမြို့သည် ကမ္ဘာကျော် တောင်သမန်အင်းကြီး၏ မြောက်ဘက်တွင် ကပ်လျက်ရှိသော မြို့ဟောင်းတစ်မြို့ဖြစ်သည်။ လက်ရှိကျန်ရှိနေသော မြို့ရိုးနှင့် ကျုံးတော်ကို ဆက်လက်ထိန်းသိမ်းပြုပြင်ထားပါက တောင်သမန်အင်းကြီးနှင့်အတူ ထင်ရှားလာသော မြို့ကြီးတစ်မြို့ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်သောကြောင့် အမရပူရမြို့ရိုးနှင့် ကျုံးကို ရှေးရှည်တည်တံ့အောင် တူးဖော်ထိန်းသိမ်းသင့်ပေကြောင်း ရေးသားလိုက်ရပါသည်။

## မြန်မာ့စိတ်

\- အယူမခြား မူမပြားပါ
မှားမှား မှန်မှန် ကိုယ့်နိုင်ငံ။

\- အယူမလွဲ မူမကွဲပါ
မည်းမည်းပြောင်ပြောင် ကိုယ့်ပြည်ထောင်။

\- အယူမပြောင်း မူမစောင်းပါ
ကောင်းကောင်း ဆိုးဆိုး ကိုယ့်လူမျိုး။

\- အယူမဖျက် မူမပျက်ပါ
နက်နက် ဖြူဖြူ ကိုယ့်ပြည်သူ။

\- အယူမငြင်း မူမယွင်းပါ
စင်းစင်း ခွေခွေ ကိုယ့်ရေမြေ။

\- အယူမယိမ်း မူမတိမ်းပါ
စိမ်းစိမ်းဝါဝါ ကိုယ့်လယ်ယာ။

\- အယူမဖျောက် မူမပျောက်ပါ
နောက်နောက် ရှေ့ရှေ့ ကိုယ့်ဓလေ့

\- ဘယ်နည်း ဘယ်မှ ဘယ်အယူနှင့်
ဘယ်သူပြောစေ မတွေဝေပါ
မြေချစ် ရေချစ် လူမျိုးချစ်သည့်
ချစ်မြတ်ထက်သန် ဇာတိမာန်ကား
လျှံညီးတောက်ပ တဖိတ်ဖိတ်
ရပ်တည်ထွတ်ထိပ် မြန်မာ့စိတ်။ ။

**ချစ်စုအောင်**

# ပြင်ဦးလွင်မြို့နယ် မှိုင်းလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မှိုင်းလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက မှိုင်းလုံးကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မှိုင်းလုံးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ဦးကိုအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၄၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# WHO အကြီးအကဲသစ် ရွေးချယ်ပွဲအတွက် အမည်စာရင်းပေးသွင်းရန် တရုတ်အစိုးရ စီစဉ်

**ပေကျင်း အောက်တိုဘာ ၇**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ညွှန်ကြားရေးမှူးချုပ် ရွေးချယ်ပွဲတွင် တရုတ်နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်လောင်း တစ်ဦးကို အမည်စာရင်းပေးသွင်းရန် တရုတ်အစိုးရက စီစဉ်ထားကြောင်း အောက်တိုဘာ ၆ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

WHO အကြီးအကဲသစ် ရွေးချယ်ပွဲ၌ပါဝင်ရန် တရုတ်နိုင်ငံကစီစဉ်ထားမှုသည် အမေရိကန်နိုင်ငံ နုတ်ထွက်ခဲ့ပြီးနောက် WHO အဖွဲ့အတွင်း ၎င်း၏ဩဇာချဲ့ထွင်နိုင်ရန် တရုတ်အစိုးရအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

တရုတ်နိုင်ငံသည် WHO အကြီးအကဲသစ် ရွေးချယ်ပွဲတွင် မိခင်နှင့်ကလေးကျန်းမာရေး မှူဝါဒ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ၌ လုပ်သက် နှစ် ၂၀ ရှိသော ထိပ်တန်းကျန်းမာရေး တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဆောင်လီကို အမည်စာရင်းပေးသွင်းရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ပြောကြားချက်နှင့် ပတ်သက်၍ ဆောင်လီနှင့် ဂျီနီဗာမြို့ရှိ တရုတ်အစိုးရကိုယ်စားလှယ်များက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်းသိရသည်။

WHO အကြီးအကဲသစ် ရွေးချယ်ပွဲအတွက် ဆော်ဒီအာရေဗျ၊ ဘယ်လ်ဂျီယံ၊ ကာတာ၊ ဘော့ဆွာနာ၊ အင်ဒိုနီးရှား၊ စပိန်နိုင်ငံတို့က ကိုယ်စားလှယ်လောင်းများ အမည်စာရင်းပေးသွင်းထားပြီးဖြစ်ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# ယခုနှစ်၏ ရူပဗေဒနိုဘယ်ဆုကို အမေရိကန်သိပ္ပံပညာရှင် ဖရန်စစ်ဟယ်လ်ဇန် ရရှိ




**စတော့ဟုမ်း အောက်တိုဘာ ၇**

၂၀၂၆ ခုနှစ်၏ ရူပဗေဒနိုဘယ်ဆုကို ဘယ်လ်ဂျီယံနိုင်ငံဖွား အမေရိကန်သိပ္ပံပညာရှင် ဖရန်စစ်ဟယ်လ်ဇန်က ရရှိခဲ့ကြောင်း ဆွီဒင်တော်ဝင်သိပ္ပံ အကယ်ဒမီက အောက်တိုဘာ ၆ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အန္တာတိက ရေခဲပြင်ဒေသ၌ နျူထရီနိုခေါ် စွမ်းအင်အမှုန် တစ်မျိုးကို ရှာဖွေရေးအတွက် အိုက်စ်ကျူနျူထရီနို စွမ်းအင်အမှုန် ရှာဖွေရေး သုတေသနစခန်းကို တည်ဆောက်ရာတွင် အဓိက နေရာမှ ပါဝင်ခဲ့သည့်အတွက် ယခုနှစ် ရူပဗေဒနိုဘယ်ဆုကို သိပ္ပံပညာရှင် ဖရန်စစ်ဟယ်လ်ဇန်ကိုချီးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြောင်း ဆွီဒင်တော်ဝင်သိပ္ပံ အကယ်ဒမီ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အသက် ၈၂ နှစ်ရှိ ရူပဗေဒပညာရှင် ဖရန်စစ်ဟယ်လ်ဇန်သည် အမေရိကန်နိုင်ငံ ဝစ်ကွန်ဆင်–မက်ဒီဆင်တက္ကသိုလ်မှ ရူပဗေဒပါမောက္ခတစ်ဦးဖြစ်သည်။

အန္တာတိက ရေခဲပြင်ဒေသ၌ နျူထရီနိုစွမ်းအင် အမှုန်များကို ရှာဖွေနိုင်ကြောင်း ရူပဗေဒပညာရှင် ဖရန်စစ်ဟယ်လ်ဇန်က ၁၉၈၈ခုနှစ်ကပင် အဆိုပြုတင်ပြခဲ့သည်။

ကမ္ဘာပေါ်သို့ မည်သည့်သဲလွန်စမျှမရှိဘဲ ရောက်ရှိလာတတ်မှုကြောင့် တစ္ဆေစွမ်းအင်အမှုန် (Ghost Particle) ဟု သိပ္ပံပညာရှင်များက သတ်မှတ်ထားသော နျူထရီနိုအမှုန်များသည် ဝေးလံသည့်ကြယ်စုများ၏ သတင်းအချက်အလက်များကို သယ်ယူလာတတ်ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ရူပဗေဒနိုဘယ်ဆုကို လာမည့် ဒီဇင်ဘာ ၁၀ ရက်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ပေးအပ်ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ရုရှားပင်လယ်နက် ကမ်းရိုးတန်းကမ်းလွန်၌ လိုက်ဘေးရီးယားရေနံတင်သင်္ဘောတစ်စီး မီးလောင်





**မော်စကို အောက်တိုဘာ ၇**

ရုရှားနိုင်ငံ ပင်လယ်နက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်၌ မီးလောင်နေသော လိုက်ဘေးရီးယား အလံတင်သင်္ဘောတစ်စီးပေါ်မှ ရေယာဉ်ဝန်ထမ်း ၂၃ ဦးတို့ကို ရုရှားကယ်ဆယ်ရေးသမားများက ကယ်တင်နိုင်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အက်ဖရာမက်စ်ရီယို ရေနံတင်သင်္ဘောသည် မောင်းသူမဲ့ ဒရုန်းယာဉ်တစ်စင်း၏ တိုက်ခိုက်မှုကြောင့် မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အက်ဖရာမက်စ်ရီယို ရေနံတင်သင်္ဘောပေါ်မှ ရုရှားကယ်ဆယ်ရေးသမားများ ကယ်ထုတ်နိုင်ခဲ့သည့် ရေယာဉ်ဝန်ထမ်း အားလုံးမှာ အိန္ဒိယနိုင်ငံသားများ ဖြစ်ကြောင်း အဆိုပါသတင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

မီးအား လျော့သွားချိန်တွင် အဆိုပါ ရေနံတင်သင်္ဘောမီးလောင်မှုကို ထိန်းချုပ်ရေးအတွက် ထိရောက်သည့် နည်းလမ်းများ ရုရှားမီးသတ်တပ်ဖွဲ့တွင် ရှိထားကြောင်း ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

အက်ဖရာမက်စ်ရီယို ရေနံတင်သင်္ဘောသည် ရုရှားနိုင်ငံတောင်ပိုင်း ကရာနိုဒါဒေသ ဆီးရီးယပ်စ်မြို့အနီး ကမ်းလွန်ရေပြင်၌ မီးလောင်ခဲ့ခြင်းဖြစ်သည်။

အက်ဖရာမက်စ်ရီယို ရေနံတင်သင်္ဘောမီးလောင်မှုကြောင့် ဆီးရီးယပ်စ်မြို့ကမ်းခြေများသို့ အများပြည်သူများသွားရောက်မှုကို ရုရှားတာဝန်ရှိသူများက ပိတ်ပင်ထားကြောင်းသိရသည်။ **Ref : RT**

**Trs : KKO**

# အိုကီနာဝါကျွန်းရှိ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ ညဘက် အပြင်ထွက်ခွင့်နှင့် အရက်သောက်ခွင့် ပိတ်ပင်ခံထားရ

**တိုကျို အောက်တိုဘာ ၇**

မရိန်းတပ်ဖွဲ့ဝင် တစ်ဦးက ဒေသခံ ဂျပန်အမျိုးသမီးတစ်ဦးကို လုယက်သတ်ဖြတ်မှု ကျူးလွန်ခဲ့ကြောင်း စွပ်စွဲခံရပြီးနောက် အိုကီနာဝါကျွန်းရှိ မရိန်းတပ်ဖွဲ့ဝင်များကို တစ်လကြာညဘက် အပြင်ထွက်ခွင့် ပိတ်ပင်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနကဖော်ပြထားသည်။

ထို့ပြင် စည်းမျဉ်းစည်းကမ်းလေ့ကျင့်မှုများ ရယူနေစဉ် အိုကီနာဝါကျွန်းပေါ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ အရက်သေစာသောက်သုံးခွင့်ကိုလည်း အမေရိကန်တပ်မတော်က တစ်လကြာ ပိတ်ပင်ထားကြောင်းသိရသည်။

ဒီမင်း ဂျာကော့ဘ်ဘဲလ်လာ့ဒ် မရိန်းတပ်ဖွဲ့ တပ်ကြပ်တစ်ဦးသည် နာဟာမြို့ ဟိုတယ်တစ်ခု၌ အသက် ၃၉ နှစ်ရှိ ဂျပန်အမျိုးသမီး တစ်ဦးကို လုယက်သတ်ဖြတ်မှု ကျူးလွန်ခဲ့သည်ဟု ယူဆရကြောင်း ဂျပန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အဆိုပါစွဲချက်ကို တပ်ကြပ် ဒီမင်းဂျာကော့ဘ်ဘဲလ်လာ့ဒ်က ငြင်းဆိုထားကြောင်း ဂျပန်ရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အောက်တိုဘာ ၃ ရက်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါဂျပန်အမျိုးသမီး လုယက်သတ်ဖြတ်ခံရမှုကို ရက်စက်ကြမ်းကြုတ်သည့် ပြစ်မှုအဖြစ် ဂျပန်ဝန်ကြီးချုပ်တာကာအိချီက ဝေဖန်ထားပြီး ထိုဖြစ်စဉ်မျိုး နောင်တွင်ထပ်မံမဖြစ်ပွားစေရေးအတွက် လိုအပ်သည်များဆောင်ရွက်ရန် အမေရိကန်အစိုးရကို တောင်းဆိုထားသည်။

ဂျပန်အခြေစိုက် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ဦးရေ ၁၈၀၀၀ အနက် အများစုမှာ အိုကီနာဝါကျွန်း၌ တပ်စွဲထားကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# နျူကလီးယားသုတေသနဌာနများ အပြန်အလှန်လည်ပတ်စစ်ဆေးရေး တရုတ်နှင့် အမေရိကန်နိုင်ငံတို့ ဆွေးနွေးခဲ့

**ဝါရှင်တန် အောက်တိုဘာ ၇**

နျူကလီးယား သုတေသနဌာနများ အပြန်အလှန်လည်ပတ်စစ်ဆေးမှု စတင်နိုင်ရေးအတွက် အမေရိကန်နှင့် တရုတ်နိုင်ငံ တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲများကို လာမည့်လများအတွင်း ဆက်လက်ကျင်းပရန်လည်း တရုတ်နှင့် အမေရိကန်နိုင်ငံတို့က စီစဉ်ထားကြောင်းသိရသည်။

အဆိုပါအစီအစဉ်အရ အမေရိကန် စွမ်းအင်ဝန်ကြီးဌာန အမျိုးသား သုတေသနဌာနများနှင့် တရုတ်နိုင်ငံ၏ သုတေသနဌာနများသို့ အပြန်အလှန်လည်ပတ်စစ်ဆေးခွင့်စတင်ရေးအတွက် နှစ်နိုင်ငံ တာဝန်ရှိသူများကြား ဆွေးနွေးခဲ့ကြကြောင်း သတင်းအရင်းမြစ်များက ပြောကြားထားသည်။



အဆိုပါသတင်းနှင့်ပတ်သက်၍ အိမ်ဖြူတော်နှင့် အမေရိကန်နိုင်ငံဆိုင်ရာတရုတ်သံရုံးတို့က တစ်စုံတစ်ရာတုံ့ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ပြီးခဲ့သည့်လအတွင်း တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံစဉ် အမေရိကန်၊ရုရှား၊ တရုတ်သုံးနိုင်ငံ နျူကလီးယားလက်နက်ထိန်းချုပ်ရေးဆွေးနွေးပွဲများ ကျင်းပရန် အဆိုပြုတိုက်တွန်းထားကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

# လကမ္ဘာအခြေစိုက်စခန်းအတွက် လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးမည့် စွမ်းအင်မျှော်စင်စနစ်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီ ထုတ်ဖော်ပြသခဲ့



**ဝါရှင်တန် အောက်တိုဘာ ၇**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က တည်ဆောက်မည့် လကမ္ဘာအခြေစိုက်စခန်းအတွက် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးမည့် စွမ်းအင်မျှော်စင်စနစ်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီက ထုတ်ဖော်ပြသခဲ့ကြောင်း အောက်တိုဘာ ၆ ရက် သတင်းများအရ သိရသည်။

ဘလူးအော်ရီဂျင်၏ အဆိုပါ စွမ်းအင်မျှော်စင်သည် အမြင့်မီတာ ၂၀ ရှိပြီး နေစွမ်းအင်ပြားများကို ဒေါင်လိုက် အနေအထားအတိုင်း တပ်ဆင်ထားကြောင်း သိရသည်။

မိမိတို့၏ စွမ်းအင်မျှော်စင်သည် လကမ္ဘာတောင်ဝင်ရိုးစွန်းအခြေစိုက်စခန်း လုပ်ငန်းလည်ပတ်မှုများအတွက် လျှပ်စစ်ဓာတ်အား ၁၀ ကီလိုဝပ်ကျော်ထိ ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် အဆိုပါစွမ်းအင်မျှော်စင်ကို ဟန်နီဘီးရိုဘော့တစ်နည်းပညာကုမ္ပဏီက ၂၀၂၄ ခုနှစ်တွင် စမ်းသပ်ခဲ့သော LAMPS အမည်ရှိ နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစနစ်ကို ထပ်မံမွမ်းမံထားသည့် စနစ်ဖြစ်သည်။

နာဆာအဖွဲ့သည် အားတီးမစ်မစ်ရှင်အရ လကမ္ဘာတောင်ဝင်ရိုးစွန်းတွင် လကမ္ဘာအခြေစိုက်စခန်းတစ်ခုတည်ဆောက်ရန် စီစဉ်ထားကြောင်း၊ လက်ရှိအချိန်တွင် ၎င်းလကမ္ဘာအခြေစိုက်စခန်း တည်ဆောက်ရေးစီမံကိန်း၏ ပထမအဆင့်ကို စတင်အကောင်အထည်ဖော်နေရာ ၂၀၂၈ ခုနှစ်တွင် အပြီးသတ်ဖွယ်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ရေကျောက်ရောဂါကာကွယ်ဆေးက ရေယုန်ရောဂါကိုလည်း ကာကွယ်ပေးနိုင်

**နယူးယောက် အောက်တိုဘာ ၇**

ရေကျောက်ရောဂါကာကွယ်ဆေး(Chickenpox Vaccine)သည် ရေယုန်ရောဂါကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၆ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ အက်ပစ်သုတေသနအင်စတီကျူမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကလေးဘဝ၌ ရေကျောက်ရောဂါ ဖြစ်ပွားခဲ့ဖူးသူများတွင် နောင်အသက်ရလာချိန်၌ ရေယုန်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်သည်။

သို့ရာတွင် ကလေးဘဝ၌ ရေကျောက်ရောဂါကာကွယ်ဆေးထိုးနှံထားသူများတွင် အသက်ရလာချိန်၌ ရေယုန်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် လေ့လာတွေ့ရှိချက်များအရ ရေကျောက်ရောဂါကာကွယ်ဆေးထိုးနှံမှုများကြောင့် လာမည့်နှစ်များအတွင်း ရေယုန်ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းသွားနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ရေကျောက်ရောဂါကာကွယ်ဆေး ငယ်စဉ်ကထိုးနှံထားသော အသက်၃၄နှစ်အောက်ရှိသူလူငယ်များ၌ ရေယုန်ရောဂါဖြစ်ပွားနိုင်ခြေကျဆင်းလာနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

# တရုတ်နှင့်ဥရောပအာကာသအေဂျင်စီတို့ လွှတ်တင်ခဲ့သည့် SMILE အာကာသယာဉ်က အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများ စတင်နေပြီဖြစ်

**ပေကျင်း အောက်တိုဘာ ၇**

တရုတ်အမျိုးသားအာကာသအေဂျင်စီနှင့် ဥရောပအာကာသအေဂျင်စီတို့ ပူးတွဲလွှတ်တင်ခဲ့သည့် SMILE အာကာသယာဉ်သည် အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများကို စတင်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၆ ရက်သတင်းများတွင် ဖော်ပြထားသည်။

SMILE အာကာသယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ စူးစမ်းလေ့လာရေးစနစ်များစမ်းသပ်မှုကို အောင်မြင်စွာအပြီးသတ်လုပ်ဆောင်ခဲ့ပြီးနောက် အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများကို တရားဝင်စတင်ခဲ့ခြင်းဖြစ်သည်။

SMILE အာကာသယာဉ်၏ စူးစမ်းလေ့လာရေး စနစ်များက ပထမဆုံးရိုက်ကူးခဲ့သည့် ဓာတ်ပုံများထဲတွင် ကမ္ဘာ့ဂြိုဟ်မြောက်ဝင်ရိုးစွန်းဒေသ၏ ဝင်ရိုးစွန်းအလင်းရောင်ပေါ်ထွက်မှု ဓာတ်ပုံဖြစ်



ကြောင်း သိရသည်။

SMILE အာကာသယာဉ်သည် နေ့အလင်းရောင် အောက်တွင် မြောက်ဝင်ရိုးစွန်း အလင်းရောင်ပေါ်ထွက်နေမှုကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီနှင့် ဥရောပအာကာသအေဂျင်စီတို့သည် SMILE အာကာသယာဉ်ကို ယခုနှစ် မေ ၁၉ ရက်က ပြင်သစ်ဂီယာနာဒေသ ကိုရူးအာကာသစခန်းမှတစ်ဆင့် ဗီဂါ-စီဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်လခန့်အကြာ ဇွန် ၂၀ ရက်တွင် SMILE အာကာသယာဉ်သည် စူးစမ်းလေ့လာမှုများပြုလုပ်မည့် ပတ်လမ်းပေါ်သို့ အောင်မြင်စွာရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# လမ်းလျှောက်ရာတွင် ဖေးဖေးလျှောက်ခြင်း၊ မြန်မြန်လျှောက်ခြင်းနှစ်မျိုးစလုံးက အသက်ရှည်ရှည်နေနိုင်ရေးအတွက် အထောက်အကူပြု

**လန်ဒန် အောက်တိုဘာ ၇**

လမ်းလျှောက်ရာတွင် ပုံမှန်ထက် ဖေးဖေးလျှောက်ခြင်း၊ ပုံမှန်ထက် မြန်မြန်လျှောက်ခြင်း နှစ်မျိုးစလုံးသည် အသက်ရှည်ရှည်နေနိုင်ရေးအတွက် အထောက်အကူပြုကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ပျမ်းမျှ အသက် ၆၂ နှစ်အရွယ်ရှိ အရွယ်ရောက်သူ ၆၄၇၄၃ ဦးတို့၏ နေ့စဉ်လမ်းလျှောက်မှု ပုံစံများနှင့် ကျန်းမာရေးအခြေအနေတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ တစ်ရက်လျှင် ခြေလှမ်း ၅၀၀၀ အောက်ထိသာ လမ်းလျှောက်သော်လည်း မြန်နှုန်းမြင့်မားသူများမှာ နှလုံးရောဂါနှင့် အခြားရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေ ပုံမှန်ထက်နည်းပါးသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် နေးကွေးသော်လည်း တစ်ရက်လျှင် ခြေလှမ်း ၇၅၀၀ နှင့် ၁၀၀၀၀ ကြား လမ်းလျှောက်သူများတွင်လည်း နှလုံးရောဂါအပါအဝင် ရောဂါဘယများကြောင့် သေဆုံးနိုင်ခြေ ပုံမှန်ထက်နည်းပါးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ တစ်မိနစ်လျှင် အနည်းဆုံး ခြေလှမ်း ၉၀ နှင့် ၁၀၀ နှုန်းဖြင့် တစ်ရက်လျှင် မိနစ် ၃၀ လမ်းလျှောက်ပေးပါက အသက်ရှည်ရှည်နေနိုင်ရေးအတွက် အထောက်အကူပြုကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



# နာဆာတွေ့ရှိထားသည့် အနီရောင်အစက်အပြောက်များက စကြဝဠာခေတ်ဦးပိုင်း အာကာသတွင်းနက်များဖြစ်နိုင်

**ဘာလင် အောက်တိုဘာ ၇**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိထားသည့် စကြဝဠာခေတ်ဦး အနီရောင်အစက်အပြောက်များသည် ဒြပ်ထုများအလွန်အကျွံ ဝါးမျိုထားသည့် မဟာအာကာသတွင်းနက်များဖြစ်နိုင်ကြောင်း အောက်တိုဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေတွေ့ရှိထားသည့် အနီရောင်အစက်အပြောက်များသည် စကြဝဠာခေတ်ဦးပိုင်းတွင် ပေါ်ထွက်လာပြီး လျင်မြန်စွာ ကြီးထွားလာသည့် အာကာသတွင်းနက်များ ဖြစ်နိုင်ကြောင်း ဂျာမနီနိုင်ငံ မက်လန့်အင်စတီကျူမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ အနီရောင်အစက်အပြောက်များသည် Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီး နှစ်ပေါင်း သန်း ၆၀၀ နှင့် တစ်ဘီလီယံကြားတွင် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ၎င်းအနီရောင် အစက်အပြောက်များမှာ စကြဝဠာ၏သက်တမ်း နှစ်ပေါင်း၁ဒသမ၅ဘီလီယံအရောက်တွင် ကွယ်ပျောက်ခဲ့သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အဆိုပါ အနီရောင်အစက်အပြောက်များမှ အလင်းရောင်များသည် နောင်နှစ်ပေါင်း ၁၃ ဘီလီယံကျော်ကြာမြင့်မှသာ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ထံ ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# သိမှတ်ဖွယ်ရာ ရာဇဝတ်ဥပဒေ

စိန်လှိုင်ဗိုလ်



ယခုအပတ်တွင် ရာဇဝတ်မှုနှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာတချို့ကို ရေးသားတင်ပြပါဦးမည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ-၂၃၉ ပြဋ္ဌာန်းချက်ဖြစ်သည်။ သီးခြားဖြစ်ရပ်တစ်ခုစီမှ ပေါ်ပေါက်လာသောအမှုများကို တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်သဖြင့် စစ်ဆေးကြားနာခြင်းအားလုံးမှာ မူလအစကပင် ပျက်ပြယ်ကြောင်းကို ရှင်းလင်းတင်ပြသွားမည်ဖြစ်သည်။

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် (၃၄၀/၈၃) တွင် မခင်ခင်စောအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၂၃ အရလည်းကောင်း၊ မောင်ဝင်းမြင့်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄ အရလည်းကောင်း စွဲချက်တင်ထားသောအမိန့်ကို ပယ်ဖျက်ပေးရန် ရန်ကုန်တိုင်းဒေသကြီးတရားရုံးတွင် မခင်ခင်စောနှင့် မောင်ဝင်းမြင့်တို့က လျှောက်ထားရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်တင်သွင်းခဲ့သည်။

အမှုမှာ ၁၉၈၂ ခုနှစ် နိုဝင်ဘာ ၂၃ ရက် ညနေ ၅ အချိန်ခန့်တွင် ဒေါ်ကြင်အေးသည် ဗိုလ်ချုပ်ဈေးမှ ဆိုင်သိမ်းပြီးအပြန် ချွေးမဖြစ်သူ မခင်ခင်စောက ကလေးဘယ်မှာလဲဟုမေးပြီး ပခုံးချင်းလာတိုက်ကြောင်း၊ မိမိက ရိုင်းလှချည်လားဟုပြောရာတွင် မခင်ခင်စောက မိမိကို ပါးလှမ်းရိုက်ကြောင်း၊ နောက်တစ်နေ့တွင် သားဖြစ်သူ မောင်ဝင်းမြင့်က မိမိ၏ဆိုင်သို့လာ၍ ဆဲဆိုကြိမ်းမောင်းပြီး ခုံနှင့်ပစ်ပေါက်ကြောင်း စသည်ဖြင့် ဒေါ်ကြင်အေးက မြို့နယ်တရားရုံးသို့ တိုက်ရိုက်လျှောက်ထားရာ တရားစွဲဆိုရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

မခင်ခင်စောနှင့် မောင်ဝင်းမြင့်တို့က ပြင်ဆင်မှုအကြောင်းပြချက်အဖြစ် တင်ပြရာတွင် မခင်ခင်စောနှင့် ဒေါ်ကြင်အေးတို့ အချင်းဖြစ်ပွားသည့်နေ့မှာ ၁၉၈၂ ခုနှစ် နိုဝင်ဘာ ၂၃ ရက်ဖြစ်ပြီး မောင်ဝင်းမြင့် ဆဲဆိုသည့်နေ့မှာ ၁၉၈၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက်ဖြစ်သည်ဟု ဒေါ်ကြင်အေးက ထွက်ဆိုထားကြောင်း၊ ထို့ကြောင့် မတူသည့်ဖြစ်ရပ်နှစ်ခုကို တစ်မှုတည်းတွင် ပေါင်းစွဲထားသဖြင့် အမှုမှာ ပျက်ပြယ်နေကြောင်း၊ ဒေါ်ကြင်အေး၏ ထွက်ဆိုချက်ကို သက်သေများက ထောက်ခံထွက်ဆိုခြင်းလုံးဝမရှိဘဲ စွဲချက်တင်ဖြေရှင်းစေခြင်းမှာ မှားယွင်းကြောင်း တင်ပြကြသည်။

ဗဟိုတရားရုံးက မြို့နယ်တရားရုံးအမှုတွဲကို လေ့လာရာတွင် မခင်ခင်စောက ဒေါ်ကြင်အေးကို ပါးရိုက်သည်ဟု စွပ်စွဲသောနေ့မှာ ၁၉၈၂ ခုနှစ် နိုဝင်ဘာ ၂၃ ရက်ဖြစ်၍ မောင်ဝင်းမြင့်က ဒေါ်ကြင်အေးကို ဆဲဆိုကြုံးဝါးသည့်နေ့မှာ ၁၉၈၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက် ဖြစ်ကြောင်း ပေါ်ပေါက်သည်။

ထို့ကြောင့် မခင်ခင်စောနှင့် မောင်ဝင်းမြင့်တို့အပေါ် စွဲဆိုထားသောအမှုများသည် အကြောင်းခြင်းရာဖြစ်ရပ်တစ်ခုတည်းမှ အမှုများဟု မဆိုနိုင်ကြောင်း သီးခြားဖြစ်ရပ်တစ်ခုစီမှ ပေါ်ပေါက်လာသော အမှုများဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၃၉ အရ မခင်ခင်စောနှင့် မောင်ဝင်းမြင့်တို့ကို တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်သဖြင့် စစ်ဆေးကြားနာခြင်းအားလုံးမှာ မူလအစကပင် ပျက်ပြယ်လျက်ရှိကြောင်း ဗဟိုတရားရုံးက စိစစ်သုံးသပ်ခဲ့သည်။

First, the State Chief Minister delivered an opening address of honour, and the Commander gave an educational briefing to the returning youth. Next, the Shan State Police Chief (Police Brigadier General) gave a briefing on legal matters. Afterward, the returnees surrendered the weapons and ammunition brought with them: two MA-1 rifles, one AK-47 rifle, six assorted magazines, two hand grenades, and 251 rounds of assorted ammunition, which were accepted by the State Chief Minister, the Commander, and responsible officials. The State Chief Minister and the Commander then presented cash rewards: K15 million for the three automatic rifles, K600,000 for the two grenades, and K4.8 million at a rate of K100,000 per person for the 48 returnees—totaling K20.4 million in cash rewards along with gifts, which were received by the returnees. Following this, a representative of the returnees spoke words of gratitude. The returnees then signed pledges and were systematically handed over to their parents and guardians.

At today's ceremony, those who returned to the legal fold—having placed their faith in the peace process and genuinely desiring regional stability—and were handed over to their guardians comprised 24 men and 4 women from Yatsauk Township, Southern Shan State; 12 men from Pindaya Township; 1 man from Ywangan Township; 1 man from Okpho Township, Bago Region; 1 man from Pyawbwe Township, Mandalay Region; 1 man from Magway, Magway Region; 1 man from North Okkalapa Township, Yangon Region; 1 man from Myeik Township, Tanintharyi Region; 1 man from Phyu Township, Bago Region; and 1 man from Mese Township, Kayah State.

It is reported that these members of the DPLA and KNPP returned to the legal fold and renounced the path of armed struggle because they had been forcibly recruited under coercion through their family members and relatives; they could no longer tolerate terrorist acts such as threatening, arresting, and killing innocent civilians and civil servants for the benefit of terrorist organizations, as well as blowing up and destroying non-military infrastructure, roads, and bridges; they faced hierarchical discrimination, internal bullying, torture, killings, and abuses within these groups; they suffered hardship, deprivation, and low morale due to an inability to withstand the Tatmadaw's offensives; and they came to trust and accept the peace process of the State and the Tatmadaw, wishing to live peacefully within the legal framework and contribute back to the State and the people who had suffered losses on their account.

Because returnees are being welcomed back, provided necessary assistance, and systematically reunited with their parents and guardians, it is reported that many others still wish to return to the legal fold. Those who wish to return will be welcomed and provided necessary support, as well as appropriate cash rewards for surrendered weapons and ammunition, upon contacting and reporting to nearby district and township administrative bodies, military camps, or police stations.

The sentiments expressed by those who returned to the legal fold are as follows:

Male

In March 2024, while living with my parents in Theingone Village, Pindaya Township, I was recruited by the DPLA terrorist group and had to attend Training Batch (C-4) in Kyaukme Township. After completing the training, I served in the Nawnghkio area. Realizing that remaining with the DPLA terrorist group could cost us our lives or lead to capture if we survived, we came into the light in September 2026. When we entered the legal fold, the Tatmadaw officials treated us warmly, speaking to us like their own children and brothers. I am extremely pleased and grateful for being accommodated well and cared for like family. Therefore, I believe we made the right choice by choosing this path to return to the light. I would also like to invite the youths remaining in the jungle to join hands with the Tatmadaw and return to the light so they can live peacefully with their families, rather than staying in the jungle and losing their lives for nothing.

Female

I joined the terrorist group in January 2025 and attended Training Batch (A-6) in Kyaukme Township. After finishing the training, I had to work as a cook in the women's battalion of the DPLA terrorist group. Living with the DPLA terrorist group was exhausting and full of hardship; I was separated from my family, lost the opportunities of my youth, and never knew when I might die. Because of that, I ran away in January 2025. Afterward, on September 22, 2026, I returned to the legal fold. When I came into the light, the Tatmadaw officials treated and spoke to me warmly, like siblings and children; I was very glad and satisfied that they treated me like family. That is why I feel choosing this path to return to the light was the right decision. Instead of staying in the jungle and needlessly dying, I would like to invite the youths still left in the jungle to join hands with the Tatmadaw and return to the legal framework so they can live with their families again and lead peaceful lives. 100



**A male returnee gives an interview.**



**A female returnee gives an interview.**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Second phase of systematically demolishing illegal telecom fraud buildings in Shwe Kokko area underway

Systematic ongoing demolition of illegal buildings used for online fraud and gambling operations in Shwe Kokko, Phase 2.



Preparation and placement of explosives.



**Nay Pyi Taw October 7**

The Government is placing great emphasis on the processes of combating online scams and online gambling as a national duty, and, in addition to domestic forces, is coordinating with neighboring governments to effectively conduct searches, inspections, and crackdowns to ensure they cannot establish any foothold within the country. In doing so, the government systematically dismantled illegal telecom fraud buildings in KK Park in three phases, fully completing the work on 9 January.

Likewise, the government is currently dismantling illegal telecom fraud buildings in Shwe Kokko area through categorization process, and up to 26 July, it has destroyed 77 of them in the first phase.

It has started the second phase of destroying the remaining 63 buildings on 6 October, categorizing 25 for heavy machinery dismantling, four for explosive demolition, and 34 for floor-by-floor manual destruction due to their proximity to residential areas.

Currently, the government has completed 40 percent of the demolition on a five-story building slated for mechanical destruction and is preparing to demolish a six-story building.

The government regards anti-telecom fraud as a national duty, coordinating with domestic forces in addition to its neighboring counterparts to ensure the criminal business cannot establish any foothold within the country. It will continue to demolish the remaining structure as soon as possible. 100

# Bogale Township sends 550,000 bunches of Pheegyan banana to Yangon market in september



Bunches of bananas available at a market.

**Bogale October 7**

Local merchants from Bogale Township shipped 550,000 bunches of Pheegyan banana to Yangon market in September, said Daw Aye Aye, the banana trader in Bogale Township.

During August this year, only about 400,000 bunches of Pheegyan bananas were able to be shipped and sold from Bogale Township to the Yangon market. However, during the one-month period of September this year, a shipment increased to as many as 550,000 bunches of Pheegyan bananas, according to reports.

"Banana shipments to Yangon were strong over the past month. Locally produced crops have mainly been shipped and sold in the Yangon market. There is currently strong domestic demand for bananas. Among the bananas shipped to the Yangon market, Pheegyan bananas accounted for the largest volume. Banana prices have also raised slightly compared with before. Buying and selling activities are proceeding smoothly," said Daw Aye Aye.

During the past month, Pheegyan bananas shipped and sold from Bogale Township to the Yangon market fetched prices of up to 148,000 kyats per 100 bunches. The ongoing trade in these locally produced bananas is benefiting workers, traders and farmers, according to reports. Kyaw Kyaw Lin

# Sagaing Township sees completion of harvesting more than 3,000 acres of sunflower

**Sagaing October 7**

Local farmers have harvested more than 3,000 acres of sunflower in Sagaing Township of Sagaing Region this year, according to the township Agriculture Department.

Sagaing Township planted 11,227 acres of sunflower during this year's monsoon crop season, and harvesting of the sunflower fields began in August. As of today, 3,118 acres have been harvested, with an average yield of 18.78 baskets per acre.

"We planted 11,227 acres of sunflower in Sagaing Township during this year's monsoon crop season. The sunflower fields are currently being harvested, and more than 3,000 acres have been harvested as of today. We will make efforts to expand sunflower cultivation, as it is an oilseed crop, in order to reduce dependence on imported palm oil. Sunflower produces more oil per acre than other oilseed crops such as groundnut and sesame," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

It is also reported that the Sagaing Township Agriculture Department has intensified awareness-raising and training programmes to expand sunflower cultivation, including training to enhance the capacity of departmental staff and farmers who plan to grow sunflowers.

This year, arrangements have also been made to provide sunflower seeds to farmers in Sagaing Township, sell urea fertilizer at affordable prices, and distribute sunflower varieties through farmer-to-farmer seed exchange systems. 206

# Local authorities manage harvest of more than 2,000 acres of sweet corns in Kani Township

**Kani October 7**

Local farmers have harvested more than 2,000 acres of sweet corns planted last monsoon in Kani Township of Sagaing Region, according to the township Agriculture Department.

In Kani Township, 2,789 acres of sweet corn were planted during this year's monsoon crop season. Harvesting of the cultivated corn fields began in September, and 2,425 acres have been harvested as of today, with a yield of more than 15,000 ears of corn per acre.

"This year, 2,789 acres of sweet corn were planted in Kani Township during the monsoon crop season. The cultivated corn fields are currently being harvested, and more than 2,000 acres have been harvested as of today. At present, sweet corn cultivation has exceeded the targeted acreage. We provided farmers with awareness and training to ensure successful crop growth and took preventive measures to reduce pest and disease infestations," said Daw Saw Thandar Nwe, Head of the Kani Township Agriculture Department.

This year, the Kani Township Agriculture Department provided training and conducted field demonstrations for farmers growing grain corn and sweet corn. Farmers were also provided with agricultural awareness and guidance on preventive measures against fall armyworm, as well as integrated pest management practices, including the use of neem-based pesticides and ginger- and chilli-based pest control products.

In Kani Township, maize produces more than 50 baskets per acre, with cultivation costs of about K500,000 per acre. Sweet corn produces around 15,000 ears per acre, while cultivation costs are more than K500,000 per acre. 206

☆ ကျောဖုံးမှအဆက်

ကွာလာလမ်ပူမြို့ရှိ Inter Contenental Kuala Lumpur Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ပြီးနှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အဆိုပါ မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံ အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် (NCCIM) ဥက္ကဋ္ဌ Mr. Norsyahrin Hamidon နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာ-မလေးရှား နှစ်နိုင်ငံစီးပွားရေးဆိုင်ရာအဆင့်မြင့်ဆွေးနွေးပွဲသို့ ရောက်ရှိလာရာ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆွေးနွေးပွဲကို အခမ်းအနားအစီအစဉ်အတိုင်းစတင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်(NCCIM) ဥက္ကဋ္ဌ Mr. Norsyahrin Hamidonတို့က ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး ဆိုင်ရာများနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နှစ်နိုင်ငံသည် တူညီသည့်သမိုင်းကြောင်းများရှိပြီး ပထဝီအနေအထားအရ အရှေ့တောင်အာရှကျွန်းဆွယ်၌ အတူတည်ရှိနေသည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများလည်းဖြစ်ကြကြောင်း၊ ယနေ့အချိန်အခါတွင် နှစ်နိုင်ငံဆက်ဆံရေးသည် နိုင်ငံရေးနှင့် သံတမန်ရေးရာကဏ္ဍများအပြင် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဆက်သွယ်ရေးနှင့် နည်းပညာ၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍများထိ တဖြည်းဖြည်းပိုမိုကျယ်ပြန့်လာလျက်ရှိကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် မြန်မာ-မလေးရှား နှစ်နိုင်ငံဆက်ဆံရေး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ပိုမိုခိုင်မာအားကောင်းစေသည့် စီးပွားရေး မိတ်ဖက်ဆက်ဆံရေးတစ်ရပ် အဖြစ် တည်ဆောက်သွားရန် အချိန်အခါကောင်းကိုရောက်ရှိလာပြီဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးသည် စီးပွားရေးနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများ အချိန်နှင့်တစ်ပြေးညီဖြစ်ပေါ်နေပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေ




မြန်မာ-မလေးရှား နှစ်နိုင်ငံစီးပွားရေးဆိုင်ရာအဆင့်မြင့်ဆွေးနွေးပွဲ(Myanmar–Malaysia High Level Business Dialogue 2026)တွင် မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် (NCCIM)ဥက္ကဋ္ဌ Mr. Norsyahrin Hamidon က ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ရကြောင်း၊ ယခုကဲ့သို့စိန်ခေါ်မှုများနှင့်အတူ နိုင်ငံများ၏ စီးပွားရေးခံနိုင်ရည်စွမ်းအား (Economic Resilience) ရှိရေးသည်လည်း အရေးကြီးလာကြောင်း၊ ယခုအချက်များကြောင့် ဒေသတွင်းနိုင်ငံများအကြား အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများသည် ပိုပြီးအရေးပါလာကြောင်း၊ နှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လက်ရှိတွင် မလေးရှားသည် မြန်မာနိုင်ငံ၏အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြီးခဲ့တဲ့နှစ်တွင် နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂ ဘီလီယံရှိပြီး ယခုနှစ် ဩဂုတ်လထိ ၁ ဒသမ ၀၁ ဘီလီယံကျော်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံမှလယ်ယာထွက်ကုန်များ၊ရေထွက်ကုန်များ၊ ရော်ဘာနှင့် ကုန်ကြမ်းများ၊ ချုပ်ပြီးအထည်များ မလေးရှားနိုင်ငံကို တင်ပို့လျက်ရှိပြီး မလေးရှားနိုင်ငံမှ စက်ဆီ၊ ချောဆီနှင့် ရေနံထွက်ပစ္စည်းများ၊ စားအုန်းဆီ၊ စားသောက်ကုန်၊ စက်မှုကုန်ချောများ၊ အီလက်ထရောနစ်ပစ္စည်းနှင့် ပလတ်စတစ်ကုန်ကြမ်းပစ္စည်း၊ ဓာတုကုန်ကြမ်းနှင့် ဆေးဝါးပစ္စည်း စသည်တို့ကို တင်သွင်းလျက်ရှိကြောင်း။

နှစ်နိုင်ငံ ကုန်သွယ်မှုကိုကြည့်ခြင်းအားဖြင့် ထုတ်ကုန်များသည် အပြန်အလှန်ဖြည့်ဆည်းနိုင်သည့် သဘောသဘာဝရှိသည့်အတွက် နှစ်နိုင်ငံကြားကုန်သွယ်မှုပမာဏကိုမြှင့်တင်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ၏အချိုးအစားကို တိုးမြှင့်နိုင်ရန်အတွက် နှစ်နိုင်ငံ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အတူ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်ရာတွင် ကုန်သွယ်မှုပမာဏတိုးမြှင့်ရုံသာမက မြန်မာနိုင်ငံမှထွက်ရှိသည့် ကုန်ကြမ်းနှင့် လယ်ယာ၊ မွေးမြူရေးနှင့် ရေထွက်ကုန်များကို အရည်အသွေး၊ ထုပ်ပိုးမှု၊ အစားအစာ ဘေးကင်းလုံခြုံမှုနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်ပြောင်းလဲထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်များကို ပိုမိုတင်ပို့နိုင်ရေးကို မလေးရှားနိုင်ငံ၏ နည်းပညာ၊ စီမံခန့်ခွဲမှု၊ အရည်အသွေးစံနှုန်း၊ ဈေးကွက်ချိတ်ဆက်မှုနှင့် ဖြန့်ဖြူးရေးကွန်ရက်တို့ကို ပေါင်းစပ်အသုံးချသည့် Joint Ventureနှင့် Business-to-Business ပူးပေါင်းဆောင်ရွက်မှုပုံစံများကို ပိုမိုဖော်ဆောင်နိုင်မည်ဟုယုံကြည်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းရန်အတွက် အဓိကကျသည့်အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအတိုင်းအတာကို လေ့လာကြည့်ပါက လက်ရှိတွင် မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံတွင် နဝမမြောက်ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်ထားသည့် နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၃၂ ခုကိုဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာနိုင်ငံ၏အားသာချက်မှာ ကုန်ကြမ်းအရင်းအမြစ်နှင့် ထုတ်လုပ်မှုအခြေခံများရှိခြင်း သာမက တန်ဖိုးမြှင့်ထုတ်လုပ်မှုလုပ်ငန်းများ ဖော်ဆောင်ရန်နေရာနှင့် ဈေးကွက်အလားအလာများရှိနေကြောင်း၊ နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ကျွမ်းကျင်လုပ်သားဖွံ့ဖြိုးရေး၊ ဒေသတွင်း Supply Chain ချိတ်ဆက်မှုနှင့် Export Market Access တို့ ပါဝင်သည့် ရေရှည်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုအဖြစ် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အစားအစာထုတ်လုပ်မှု၊ လယ်ယာထွက်ကုန် ပြုပြင်ထုတ်လုပ်မှု၊ Halal အစားအစာ၊ ရေထွက်ကုန်၊ ရော်ဘာနှင့် ရော်ဘာအခြေခံထုတ်ကုန်၊ ထုပ်ပိုးမှု၊ အအေးခန်းနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ စက်မှုထုတ်ကုန်နှင့် အခြားတန်ဖိုးမြှင့်ထုတ်ကုန်များသည် နှစ်နိုင်ငံ၏ အားသာချက်များကို ပေါင်းစပ်အသုံးချသွားရမည်ဖြစ်ကြောင်း။

ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာနှင့် မလေးရှားနိုင်ငံတို့သည် အာဆီယံမိသားစုဝင်နိုင်ငံများဖြစ်ကြပြီး ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိကြကြောင်း၊ ထို့ပြင် နှစ်နိုင်ငံစလုံးသည် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးထားပြီး ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ထုတ်လုပ်မှုတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့်နှင့် ကမ္ဘာ့စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၂၈ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုနေသည့် ဒေသတွင်း ဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူစာချုပ်တွင်လည်း အတူပါဝင် လက်မှတ်ရေးထိုးထားကြကြောင်း၊ ယခုကဲ့သို့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်နှင့် မူဘောင်များသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပေါင်းစည်းမှုကို ပိုမိုမြှင့်တင်နိုင်မည့်အခွင့်အလမ်းများဖြစ်သောကြောင့် ထိရောက်ပြီး အကျိုးရှိစွာအသုံးပြုနိုင်ရန် လိုကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမူဘောင်များမှတစ်ဆင့် နှစ်နိုင်ငံရေရှည်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများကို အတူဆွေးနွေးဖော်ထုတ်ပြီး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန်အလေးအနက်ထားကြောင်းကို ပြောကြားလိုကြောင်း။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဖိတ်ခေါ်နေကြောင်း၊ ထို့ကြောင့် မလေးရှားနိုင်ငံ၏ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းပြီး စားသောက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လယ်ယာအခြေခံသွင်းအားစုထုတ်လုပ်ခြင်း၊ မွေးမြူရေးနှင့် အသားငါးပြုပြင်ထုတ်လုပ်ခြင်း၊ ရော်ဘာနှင့် ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်း စသည့်တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုစက်ရုံများတည်ထောင်ခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့်ကမ္ဘာ့ကုန်ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်များတွင် အတူပူးပေါင်းရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း၊ထို့အတူ စိုက်ပျိုးရေးကဏ္ဍတွင်လည်း မလေးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများကိုအသုံးချပြီး မြန်မာနိုင်ငံ၌ ဆန်ကြိတ်ခွဲစက်ရုံများ၊ ပဲမျိုးစုံသန့်စင်ထုပ်ပိုးသည့်စက်ရုံများ၊ အစားအစာပြုပြင်ထုတ်လုပ်ရေးစက်ရုံများ၊ အအေးခန်းသိုလှောင်ရုံများနှင့် စားနပ်ရိက္ခာဖြန့်ဖြူးရေးလုပ်ငန်းများတည်ထောင်နိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ ထို့ပြင် ထုတ်လုပ်မှုတိုးတက်ရေးသာမက Farm-to-Market Supply Chain တစ်ခုလုံးကို ခေတ်မီအောင် ဖော်ဆောင်ရန်လည်း အရေးကြီးကြောင်း၊ မျိုးစေ့နှင့်စိုက်ပျိုးရေးသွင်းအားစု၊ ခေတ်မီစက်ယန္တရား၊ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုလျှော့ချရေး၊ အခြောက်ခံခြင်း၊ သန့်စင်ခြင်း၊ အအေးခန်းသိုလှောင်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ကို တစ်ဆက်တည်းပူးပေါင်းဖော်ဆောင်နိုင်ပါက မြန်မာ့လယ်ယာထွက်ကုန်များ၏ အရည်အသွေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကိုပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် အအေးခန်းသိုလှောင်ရုံများနှင့်အတူ Digital Logistics၊ Warehouse Management၊ Cargo Tracking နှင့် အရည်အသွေးထိန်းချုပ်မှုစနစ်များကိုပါ ပေါင်းစပ်ဖော်ဆောင်နိုင်ပါက လယ်ယာနှင့် ရေထွက်ကုန်များ၏ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုများကိုလျှော့ချနိုင်ပြီး Export Supply Chain ကို ပိုမိုထိရောက်စွာစီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ ယခုကဏ္ဍတွင် အတွေ့အကြုံများစွာရှိသည့် မလေးရှားနိုင်ငံအတွက် ကြီးမားသည့်အခွင့်အရေးဖြစ်ကြောင်း။

ဆက်လက်ပြီး မလေးရှားနိုင်ငံသည် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု၊ ဆီအုန်းသီးနှံကြိတ်ခွဲခြင်း၊ ဆီသန့်စင်ခြင်းနှင့် တန်ဖိုးမြှင့်စားသုံးဆီ ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် အတွေ့အကြုံနှင့် နည်းပညာများ ပိုင်ဆိုင်ထားသည့်အတွက် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးအရင်းအမြစ်များနှင့်ပေါင်းစပ်ပြီး စိုက်ပျိုးထုတ်လုပ်မှုမှသည် ဈေးကွက်ဖြန့်ဖြူးခြင်းထိ ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးတွင် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်လိုကြောင်း၊ ယခုကဲ့သို့ ဆီအုန်းစိုက်ပျိုးမှုနှင့် စားအုန်းဆီထုတ်လုပ်မှုလုပ်ငန်းများကို ပထဝီဝင်ရာသီဥတုအရ သင့်တော်ကောင်းမွန်သည့် တနင်္သာရီတိုင်းအတွင်းတွင်ဆောင်ရွက်နိုင်ပြီး ဟင်းသီးဟင်းရွက်ဆီထုတ်လုပ်မှုလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်နိုင်ရန် မလေးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လိုကြောင်း။

မြန်မာနိုင်ငံတွင် မြေဧရိယာကျယ်ပြန့်စွာပိုင်ဆိုင်ပြီး စားကျက်မြေများစွာရှိသောကြောင့် မွေးမြူရေးနှင့် အသားငါးထုတ်လုပ်သည့်လုပ်ငန်းများကိုလည်း ကောင်းစွာဆောင်ရွက်နိုင်ပါကြောင်း၊ မလေးရှားနိုင်ငံ၏ Halal အစားအစာဈေးကွက်ကို ဝင်ရောက်နိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ထုတ်လုပ်မှုစနစ်များ ဖော်ဆောင်ရန်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိကြောင်း၊ ထိုမှတစ်ဆင့် မွေးမြူရေးခြံများဖွံ့ဖြိုးတိုးတက်ရေး၊ တိရစ္ဆာန်အစာထုတ်လုပ်ရေး၊ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသားထုတ်လုပ်မှုလုပ်ငန်းများတွင် မလေးရှားရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန်ဖိတ်ခေါ်လိုကြောင်း၊ ယခု

ကဏ္ဍတွင် Halal Certification နှင့် Food Traceability စနစ်များ၊ တိရစ္ဆာန်အစာနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု၊ အအေးခန်းနှင့် အသားထုတ်လုပ်မှုနည်းပညာများကိုပူးပေါင်းဖော်ဆောင်နိုင်ပါက မြန်မာနိုင်ငံ၏ မွေးမြူရေးထုတ်ကုန်များကို မလေးရှားဈေးကွက်နှင့် ဒေသတွင်း Halal ဈေးကွက်များကို ပိုမိုထိရောက်စွာချိတ်ဆက်နိုင်မည့် အခြေခံကောင်းတစ်ရပ်ဖြစ်လာနိုင်ကြောင်း၊ အလားတူ မိမိတို့အနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် သံ၊ သံမဏိနှင့် ဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်းများတွင်လည်း မလေးရှားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်သည့် အခွင့်အလမ်းများရှိကြောင်း။

အဆွေတော်တို့ သိပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်အနေဖြင့် သီလဝါ၊ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များရှိကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် လက်ရှိတွင်အအောင်မြင်ဆုံးဖြစ်သကဲ့သို့ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့သည်လည်း အနာဂတ်တွင် မဟာဗျူဟာမြောက် အရေးပါလာမည့်စီမံကိန်းများဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဇုန်များတွင်လည်း လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း၊ စက်ရုံတည်ဆောက်ခြင်းအဆင့်မှာသာမက Industrial Cluster ဖော်ဆောင်ခြင်း၊ Supplier Network တည်ဆောက်ခြင်း၊ Logistics Hub နှင့် Export Processing Facilities များ တည်ဆောက်ခြင်းတို့ထိတိုးချဲ့ဖော်ဆောင်နိုင်ကြောင်း၊ ယခုကဲ့သို့ Clusterbased Development ပုံစံနှင့် ဆောင်ရွက်နိုင်ပါက မလေးရှားကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများကြား ရေရှည် Supply Chain ချိတ်ဆက်မှုများကို ပိုမိုဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ အဆွေတော်တို့အနေဖြင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် တည်ဆောက်ပြီး စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များတွင် သာမက လုပ်ငန်းလိုအပ်ချက်နှင့် တည်နေရာအားသာချက်ကိုမူတည်ပြီး စွမ်းအင်စီမံကိန်းများ၊ စက်မှုစီမံကိန်းများကို ရင်းနှီးမြှုပ်နှံသူများကိုယ်တိုင် အဆိုပြုတည်ထောင်ဆောင်ရွက်နိုင်ကြောင်း၊ ယခုကဲ့သို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် MSME လုပ်ငန်းများသည်လည်း နှစ်နိုင်ငံ၏ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်အခန်းကဏ္ဍတွင်ပါဝင်နေကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ၏ e-commerce စနစ်အကောင်အထည်ဖော်ခြင်း၊ ကျွမ်းကျင်မှုလုပ်ငန်းခွင်သင်တန်းကျောင်းများ ပူးပေါင်းဖွင့်လှစ်ခြင်း၊ MSME စက်မှုထုတ်ကုန်များ ချိတ်ဆက်ပူးပေါင်း ထုတ်လုပ်ခြင်းတို့ဖြင့် နှစ်နိုင်ငံအကျိုးရှိမည့် Value Chain တစ်ခုကိုဖန်တီးနိုင်ကြောင်း၊ MSME ပူးပေါင်းဆောင်ရွက်မှုသည်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကိုတိုးမြှင့်ရန်အတွက် နှစ်နိုင်ငံ MSME များကြား Business Matching၊ Supplier Matching နှင့် Technology Matching အစီအစဉ်များကို ပုံမှန်ကျင်းပပေးနိုင်ပါက အကျိုးရှိမည်ဟု ယုံကြည်ကြောင်း၊ ထို့ပြင် မလေးရှားနိုင်ငံ၏ E-commerce နှင့် Digital Business အတွေ့အကြုံများကို မြန်မာMSME ထုတ်ကုန်များနှင့်ချိတ်ဆက်ပေးခြင်းအားဖြင့် အာဆီယံဈေးကွက်ကို အွန်လိုင်းမှတစ်ဆင့် ဝင်ရောက်နိုင်မည့် အခွင့်အလမ်းများကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန်အတွက် နောက်ထပ်အရေးပါသည့် ကဏ္ဍတစ်ခုသည် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍဖြစ်ကြောင်း၊ လက်ရှိမလေးရှားနိုင်ငံတွင် မြန်မာရွှေ့ပြောင်းလုပ်သားများ များစွာရှိနေသည့်အတွက် Remittance Channel က အရေးကြီးကြောင်း၊ တရားဝင် Channel ကို အသုံးပြုရသည်မှာပိုမိုလွယ်ကူပြီး ကုန်ကျစရိတ်သက်သာအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက Financial flow ပိုမိုကောင်းမွန်လာပြီး ရွှေ့ပြောင်းလုပ်သားများအတွက်လည်းလုံခြုံစိတ်ချရသည့်ငွေလွှဲလမ်းကြောင်းဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် ဘဏ်များ၊ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများနှင့် FinTech ကုမ္ပဏီများကြား ပူးပေါင်းပြီး ငွေပေးချေမှုနှင့် ငွေလွှဲဝန်ဆောင်မှုများကို လုံခြုံ၊ မြန်ဆန်၊ ပွင့်လင်းပြီး သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီသည့် Digital Payment နှင့် တရားဝင်ငွေကြေးလွှဲပြောင်းမှု(Remittance)များ ဖော်ဆောင်နိုင်မည်ဆိုပါက နှစ်ဖက်အကျိုးရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် နှစ်နိုင်ငံဘဏ်များကြား ချိတ်ဆက်ဆောင်ရွက်မှုတိုးမြှင့်ခြင်း၊ နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုနှင့် ငွေရှင်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ကုန်သွယ်မှုဆိုင်ရာငွေကြေးဝန်ဆောင်မှုများ တိုးချဲ့ခြင်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSMEs) စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးအထောက်အပံ့များ ပိုမိုရရှိစေရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မလေးရှားနိုင်ငံ၏ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်း၊ ငွေပေးချေမှုနည်းပညာနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အန္တရာယ်စီမံခန့်ခွဲမှု အတွေ့အကြုံကောင်းများကို မြန်မာနိုင်ငံနှင့် မျှဝေခြင်း၊ နှစ်နိုင်ငံ ဘဏ်များကြား နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ခြင်းနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်မိကြောင်း။

အလားတူ မြန်မာနိုင်ငံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ကျန်းမာရေး၊ ပညာရေးနှင့် ခရီးသွားဝန်ဆောင်မှုကဏ္ဍများကိုလည်း အားပေးဖော်ဆောင်လျက်ရှိရာ ယခုကဏ္ဍများသည် သိသိသာသာတိုးတက်ထွန်းကားလာနေသည့် မလေးရှားနိုင်ငံက လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများရှိနေကြောင်း ပြောကြားလိုကြောင်း၊ မလေးရှားနိုင်ငံသည် ပညာရေးနှင့်ပတ်သက်ပြီး ပညာရေးကုန်ကျစရိတ်သင့်တင့်မှု၊ နိုင်ငံခြားကျောင်းသားများကို ဆွဲဆောင်နိုင်မှုများကြောင့် ဒေသတွင်းပညာရေးဗဟိုချက်တစ်ခုဖြစ်လာနေသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် မလေးရှားနိုင်ငံ၏ နိုင်ငံတကာပညာရေးလုပ်ငန်းအတွေ့အကြုံကို အသုံးချပြီး မြန်မာနိုင်ငံတွင် ပညာရေးလုပ်ငန်းများတည်ထောင်ခြင်း၊ပူးတွဲသင်တန်းများဖွင့်လှစ်ခြင်းနှင့်ပညာရေးဝန်ဆောင်မှုများတိုးချဲ့ခြင်းတို့ကို စီးပွားရေးအခွင့်အလမ်းအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍသည်လည်း မြန်မာ-မလေးရှားနှစ်နိုင်ငံအနေဖြင့် ဆေးရုံနှင့် ဆေးခန်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေး၊ ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာခရီးသွားလုပ်ငန်း(Medical Tourism)၊Telemadicine/ Telecounsultation၊ ကျန်းမာရေးနည်းပညာနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးစသည့်အပိုင်းများတွင် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း။

မလေးရှားနိုင်ငံအနေဖြင့် သဘာဝထွက်ကုန်စီးပွားရေးစနစ်မှ ခေတ်မီနည်းပညာ၊ ဆီမီးကွန်ဒတ်တာ(Semiconductor)၊ ဉာဏ်ရည်တု(AI)၊ ဒေတာစင်တာတည်ဆောက်ခြင်းစသည့် ခေတ်မီစက်မှုစီးပွားရေးစနစ်ကို အောင်မြင်စွာကူးပြောင်းနေသည်ကို လေ့လာသိရှိရကြောင်း၊ ယခုကဲ့သို့နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံရန်အတွက်လည်း မြန်မာနိုင်ငံသည် အကြီးမားဆုံးအိုင်စီတီနည်းပညာဆိုင်ရာ အချက်အချာဒေသတစ်ခုဖြစ်သည့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကို ပြင်ဦးလွင်မြို့အနီးတစ်ဝိုက်တွင် ဖွင့်လှစ်ထားကြောင်း၊ စီမံကိန်းဧရိယာ ဟက်တာ ၂၈၀၀ ကျော်(ဧက ၇၀၀၀)ခန့်ကျယ်ဝန်းသည့်အတွက် အိုင်တီလုပ်ငန်းသစ်များနှင့် ဆော့ဖ်ဝဲရေးသားသည့်ကုမ္ပဏီများအတွက် ရုံးခန်းများအပြင် High-Tech Zone သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေမည့် နည်းပညာနှင့် ဝန်ဆောင်မှုအခြေပြုထုတ်လုပ်မှုဇုန်များပါဝင်ကြောင်း၊ မြန်မာနိုင်ငံအတွက် အစိုးရဝန်ဆောင်မှုများကို ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေးနည်းပညာ၊ ဉာဏ်ရည်တု(AI) အသုံးချမှုများ၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေးဝန်းကျင်ဖော်ဆောင်ရေးများတွင် စိတ်ပါဝင်စားသည့် မလေးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း၊ အထူးသဖြင့် မလေးရှားနိုင်ငံ၏ Electrical and Electronics၊ Semiconductor၊ Machinery and Equipment နှင့် Digital Technology ကဏ္ဍများသည် ရှိပြီးသားအတွေ့အကြုံနှင့် မြန်မာနိုင်ငံ၏ ထုတ်လုပ်မှု၊ လုပ်သားအင်အားနှင့် ဈေးကွက်အခြေခံတို့ကိုပေါင်းစပ်ပြီး Assembly၊ Component Manufacturing၊ Technical Training နှင့် Technology Transfer လုပ်ငန်းများကို ပူးပေါင်းဖော်ဆောင်နိုင်မည့် အလားအလာများရှိကြောင်း၊ ထိုသို့ နည်းပညာပူးပေါင်းဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုတစ်ခုတည်းထက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကိုပါ တစ်ပြိုင်နက်တည်းဆောင်ရွက်နိုင်ရန်အရေးကြီးကြောင်း၊ ထို့ကြောင့် Malaysian technology companies များနှင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၊ နည်းပညာသင်တန်းကျောင်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများကြား Internship၊ Vocational Training၊ Technical Certification နှင့် Skills Development Program များကို ပူးပေါင်းဖော်ဆောင်နိုင်ကြောင်း။

> **အဆွေတော်တို့အနေဖြင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် တည်ဆောက်ပြီး စက်မှုဇုန်များ၊အထူးစီးပွားရေးဇုန်များတွင်သာမက လုပ်ငန်းလိုအပ်ချက်နှင့် တည်နေရာအားသာချက်ကိုမူတည်ပြီး စွမ်းအင်စီမံကိန်းများ၊ စက်မှုစီမံကိန်းများကို ရင်းနှီးမြှုပ်နှံသူများကိုယ်တိုင် အဆိုပြုတည်ထောင်ဆောင်ရွက်နိုင် . . .**
>
> **မြန်မာနိုင်ငံတွင် မလေးရှားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးကိုလည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ် . . .**

နှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုလက်တွေ့ကျစေရန်အတွက် နှစ်နိုင်ငံအစိုးရဌာနများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ Chamber of Commerce များနှင့် ပုဂ္ဂလိက ကဏ္ဍတို့ပါဝင်သည့် ပုံမှန် Business Dialogue နှင့် Business Matching Mechanism တစ်ရပ်ကို ပိုမိုအားကောင်းအောင်ဖော်ဆောင်နိုင်ပါက ကောင်းမွန်မည်ဟုယုံကြည်ကြောင်း၊ အဆိုပါမူဘောင်မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ ကုန်သွယ်နိုင်သည့်ထုတ်ကုန်များ၊ လိုအပ်သည့် နည်းပညာနှင့် အရည်အသွေးစံနှုန်းများ၊ မိတ်ဖက်လုပ်ငန်းများနှင့် ဈေးကွက်လိုအပ်ချက်များကို တစ်နေရာတည်းမှာ ချိတ်ဆက်ပေးနိုင်မည့် Business Information and Investment Facilitation Platform တစ်ရပ်ကိုလည်း ဖော်ဆောင်နိုင်ကြောင်း၊ ယခုလုပ်ငန်းစဉ်များမှတစ်ဆင့် ယနေ့ဆွေးနွေးပွဲတွင် တွေ့ဆုံဆွေးနွေးခြင်းကိုသာမက လက်တွေ့ကျသည့် Investment Project၊ Joint Venture၊ Export Contract နှင့် Technology Partnership များအဖြစ် ဆက်လက်အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ကြောင်း။

မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်ကုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို မူပိုင်ခွင့်ဥပဒေ လေးရပ်နှင့်အညီ အကာအကွယ်ပေးထားပြီဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ရာတွင် နည်းပညာပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေးမြင့်အလုပ်အကိုင်များဖန်တီးခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုလည်း အလေးထားကြောင်း၊ အခြားတစ်ဖက်တွင် ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကိုလည်း မူဝါဒနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှုကို နီးကပ်၍ဆက်ဆံရေးရှိသည့် ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်အတူ လက်တွဲဖော်ဆောင်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် မလေးရှားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးကိုလည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယနေ့အခမ်းအနားကို အခွင့်အလမ်းများကို ဖလှယ်ဆွေးနွေးသည့်နေရာတစ်ခုအဖြစ်သာမက နှစ်နိုင်ငံကြား လက်တွေ့ကျသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို စတင်အကောင်အထည်ဖော်နိုင်မည့် Platform တစ်ခုအဖြစ်ရှုမြင်စေလိုကြောင်း၊ မြန်မာနိုင်ငံ၏သဘာဝနှင့် လူ့စွမ်းအားအရင်းအမြစ်များ၊ မလေးရှားနိုင်ငံ၏နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဈေးကွက်ချိတ်ဆက်မှုများကို ပေါင်းစပ်အသုံးချပြီး **“ကုန်သွယ်မှုမှ ရင်းနှီးမြှုပ်နှံမှု၊ ရင်းနှီးမြှုပ်နှံမှုမှတန်ဖိုးမြှင့်ထုတ်လုပ်မှု၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုမှ ဒေသတွင်းဈေးကွက်ချိတ်ဆက်မှု”**ဟူသည့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုကွင်းဆက်တစ်ရပ်ကို အတူတကွ တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ အထူးသဖြင့် မလေးရှားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံကို ဈေးကွက်တစ်ခုအဖြစ်သာမက ထုတ်လုပ်မှု၊ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုနှင့် ဒေသတွင်း Supply Chain ချိတ်ဆက်မှုအတွက် မိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ရှုမြင်ပြီး ရေရှည်အကျိုးတူ ပူးပေါင်းဆောင်ရွက်ကြရန်ဖိတ်ခေါ်ပါကြောင်းဖြင့် အကျယ်တဝင့်ဆွေးနွေးပြောကြားသည်။

## မလေးရှားနိုင်ငံမှလုပ်ငန်းရှင်များက အသီးသီးဆွေးနွေးတင်ပြ

ဆက်လက်၍ တက်ရောက်လာကြသည့် မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက မလေးရှားနိုင်ငံအနေဖြင့် နိုင်ငံတကာဆိပ်ကမ်းလုပ်ငန်းများအပါအဝင် ကုန်စည်စီးဆင်းမှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆီအုန်းနှင့် အုန်းစိုက်ပျိုးရေး အပါအဝင် ဘက်စုံစိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်နှင့် နည်းပညာကဏ္ဍ၊ သံမဏိ(Steel)နှင့် သတ္တုရိုင်းထုတ်လုပ်မှုနှင့် ထုတ်ကုန်ပစ္စည်းများအပါအဝင် ဆောက်လုပ်ရေးကဏ္ဍတို့၌ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမှု၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းမှုများဆောင်ရွက်၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတကာ၊ ဒေသတွင်းနိုင်ငံများနှင့် ပတ်သက်၍ မဟာဗျူဟာမြောက်စီးပွားရေးအမြင်သုံးသပ်တွေ့ရှိမှုများ၊ မြန်မာနိုင်ငံနှင့် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ လက်တွေ့ကျကျဆောင်ရွက်နိုင်ရေး အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များကြား မူဝါဒများ၊ အကောင်အထည်ဖော်ဆောင်ရွက်မှုစံသတ်မှတ်ချက်များအနေဖြင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်မှုအခြေအနေများ၊ မလေးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့ကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ **စာမျက်နှာ ၁၈ သို့**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညိုစော၊ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဦးမြင့်ကြိုင်၊ ဦးမောင်မြင့်၊ ဦးထွန်းအုံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါ သွားကြသည်။

ထို့နောက်နိုင်ငံတော်သမ္မတဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ မလေးရှား နိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး နှင့် စက်မှုဝန်ကြီး မစ္စတာ ဒါတွတ်ဆရီ ဂျိုဟာရီ အဗ္ဗဒူလ် ဂါနီ ဦးဆောင်သည့် မလေးရှားနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကျော်မိုးနှင့် ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ညီညီဦး နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက် ကြသည်။

ထိုသို့ကြိုဆိုနှုတ်ဆက်စဉ် မလေးရှား နိုင်ငံဂုဏ်ပြုတပ်ဖွဲ့ကလည်း ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူ အလေးပြု၍ ခရီးဦးဂုဏ်ပြုကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

PPIB News

**စာမျက်နှာ ၁၇ မှအဆက်**

တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် လက်တွေ့ကျသည့် အကြံပြုချက်များ၊ အလားအလာများ၊ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် အကျယ်တဝင့် ဆွေးနွေးတင်ပြကြသည်။

## တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော် သမ္မတက မိမိအနေဖြင့် နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင် နိုင်မည့်အခွင့်အလမ်းများနှင့်အလားအလာများ၊ အခြေအနေများကို အဖွင့်၌ထည့် သွင်းပြောကြားခဲ့ကြောင်း၊ မလေးရှား နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများ၊ အခွင့်အလမ်းများနှင့်အကြံပြုချက်များ၊ သုံးသပ်ချက်များကို ကျယ်ကျယ် ပြန့်ပြန့် တင်ပြဆွေးနွေးသွားကြသည်ကို အားရဖွယ်တွေ့မြင်ရပါကြောင်း၊ စီးပွား ရေးအရ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံရေးအရ၊ လုံခြုံရေးအရတည်ငြိမ် အေးချမ်းမှုရှိရန်လိုအပ်သည်ကို မိမိ အနေဖြင့် ကောင်းစွာသိရှိလက်ခံထားပါ ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ပေါ်တွင် ခိုင်ခိုင်မာမာ လျှောက်လှမ်း လျက်ရှိပြီး နိုင်ငံရေးအရ တည်ငြိမ်မှု ရှိစေရေး ဆက်လက်ကြိုးပမ်းဆောင် ရွက်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံ မှုများနှင့်ပတ်သက်၍လည်း ဥပဒေ ပြဋ္ဌာန်းချက်များဖြင့် အာမခံချက် ပေးထားပါကြောင်းနှင့် ယုံကြည်စိတ်ချ စွာဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်လိုပါကြောင်း။

မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်း ရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီး မြှုပ်နှံမှုများ လာရောက်ဆောင်ရွက်နိုင်ရေး အတွက် ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေး မှုများအားလုံးသည် မြန်မာနိုင်ငံ၌ အမှန်တကယ်လိုအပ်ချက်များရှိနေသည့် လက်တွေ့ကျသည့် ကိစ္စရပ်များပင်ဖြစ် ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စီးပွားရေး အရအားကောင်းလာစေရေး ဘက်ပေါင်းစုံ က ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ လိုအပ်သည်များကို ကူညီ ဖြည့်ဆည်းအားပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံသို့လာရောက်၍ လက်ရှိ ဖြစ်ပေါ်နေသည့် ဈေးကွက်အခြေအနေ များကို ကိုယ်တိုင်လေ့လာ၍ ရင်းနှီးမြှုပ်နှံ မှုများ ဆောင်ရွက်နိုင်မည့်အလားအလာ နှင့် အခွင့်အလမ်းများကို ဆုပ်ကိုင် အကောင်အထည်ဖော်ဆောင် ကြစေလို ကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံထိပ်သီး လုပ်ငန်းရှင်များအချင်းချင်း ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေး ရသည့်အချိန်တွင် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ် များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခု ကနဦးတွေ့ဆုံမှုသည် အောင်မြင်ပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုပင် ဖြစ်ပြီး ယခုထက် ပိုမိုကျယ်ပြန့်ပြီး လက်တွေ့အကျိုးရှိမည့် စီးပွားရေး မျက်နှာစာသစ်တစ်ခုကို အတူတကွ ပူးပေါင်းအကောင်အထည်ဖော် ဆောင် ရွက်သွားကြရန်လည်း တိုက်တွန်း ပြောကြားလိုကြောင်း ပြန်လည်သုံးသပ် ဆွေးနွေးသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော် သမ္မတသည် တက်ရောက်လာကြသည့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

PPIB News


# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့


**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၇**

မလေးရှားနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များကို ယနေ့ညနေပိုင်းတွင် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံအမှာစကားပြောကြားစဉ်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာသံရုံးသို့ရောက်ရှိလာရာ မြန်မာသံရုံး၊စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် သံအမတ်ကြီးနှင့် စစ်သံမှူးတို့က မြန်မာသံရုံး၊စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများနှင့် မိတ်ဆက်ပေးပြီး တာဝန်ထမ်းဆောင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များကို အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး အာဆီယံအဖွဲ့ကြီးသည် လူမှုအသိုက်အဝန်းတစ်ခုအဖြစ် တည်ဆောက်ထားသည့်အဖွဲ့ကြီးဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းကြောင်းများကို ပြန်ကြည့်မည်ဆိုပါကလည်း နှစ်နိုင်ငံကြား ကောင်းမွန်သည့်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ကူးသန်းရောင်းဝယ်မှုများရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရေး သံရုံး၊ စစ်သံရုံး ဝန်ထမ်းများအနေဖြင့် ဆက်လက်ကြိုးပမ်း ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မလေးရှားနိုင်ငံအတွင်း၌ မြန်မာနိုင်ငံမှ အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိ အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများရှိကြပြီး မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများအနေဖြင့် ၎င်းတို့နှင့် ပတ်သက်၍ တတ်နိုင်သမျှထိန်းသိမ်းစောင့်ရှောက်ပေးသွားရန် လိုကြောင်း၊ ၎င်းတို့သည် မြန်မာနိုင်ငံသားများပင်ဖြစ်သည့်အတွက် ၎င်းတို့၏ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံ ဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ပနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်မှုနှင့် ကူးလူးဆက်ဆံမှုများရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သံတမန်ရေးရာ ဝန်ထမ်းများအနေဖြင့် တစ်ဖက်တစ်လမ်းက အားဖြည့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံသို့ မလေးရှားနိုင်ငံမှ တင်ပို့နေသည့် သွင်းကုန်များရှိသကဲ့သို့ မလေးရှားနိုင်ငံမှ လိုအပ်နေသည့် ပို့ကုန်များကိုလည်း မြန်မာနိုင်ငံမှ တင်ပို့နေရသည်များလည်း ရှိသည်ဖြစ်သဖြင့် စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လူမှုရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများအချင်းချင်း၊ ပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုများနှင့် ပတ်သက်၍လည်း တိုးမြှင့်ဆောင်ရွက်သွားကြရန် လိုကြောင်း။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများ အတွက် လက်ဆောင် ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

ပညာတော်သင်များ စေလွှတ်ရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍကို မဖြစ်မနေမြှင့်တင်ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် အားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံသည်လည်း ပညာရေးပိုင်းဆိုင်ရာတွင် အားကောင်းသည့်နိုင်ငံဖြစ်သဖြင့် ပညာတော်သင်များစေလွှတ်၍ ရနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် အထောက်အပံ့ကောင်း ဖြစ်စေနိုင်မည် ဖြစ်ကြောင်း။

သံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏တာဝန်များကို လာရောက်တာဝန်ထမ်းဆောင်နေကြသူများ အနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုပြီး မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းသွားကြရန်၊ မြှင့်တင်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကိုပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) နှင့် သင်တန်းသားများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပြီး သံရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News









# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်တွင်ဖွဲ့စည်းထားရှိသည့် ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၆)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်သူ့လွှတ်တော်(C) ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့တတိယအကြိမ်ပြည်သူ့လွှတ်တော်သည် တတိယပုံမှန်အစည်းအဝေးသို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ လွှတ်တော်၏ လုပ်ငန်းတာဝန်များသည် သိသာထင်ရှားသည့်အရွေ့တစ်ခုသို့ရောက်ရှိရန်အတွက် ကော်မတီများ၏ဆောင်ရွက်ချက်များသည် အဓိကကျပါကြောင်း၊ ကော်မတီများကို လွှတ်တော်အတွင်း၌ သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ်လေ့လာခြင်း၊ စိစစ်ဆွေးနွေးခြင်း၊ အကြံပြုခြင်းများဖြင့် လွှတ်တော်၏လုပ်ငန်းများကို ပိုမိုအားကောင်းစေရန် ဖွဲ့စည်းထားရှိခြင်းဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အထူးပြုလုပ်ငန်းတာဝန်များကို လက်တွေ့ဆောင်ရွက်ပေးရသည့်အဖွဲ့လည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့်ကဏ္ဍအသီးသီးတွင် ကျွမ်းကျင်နှံ့စပ်မှုရှိစေရန် စဉ်ဆက်မပြတ်လေ့လာနေကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီအလိုက်လေ့လာစိစစ်ရမည့်ဥပဒေများနှင့်စပ်လျဉ်း၍လည်း ခေတ်ကာလနှင့် ကိုက်ညီမှုရှိစေရေးအတွက် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် လိုအပ်ပါက ဥပဒေအသစ်ပြဋ္ဌာန်းခြင်းများဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် လွှတ်တော်၏ဥပဒေပြုလုပ်ငန်းစဉ်များ ပိုမိုထိရောက်စေရန်အတွက် Legislative Calendar များ ရေးဆွဲဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မိမိတို့သည် ပြည်သူများ၏ အသံနှင့် လိုလားချက်များကို အလေးအနက်ထားဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် အထောက်အကူဖြစ်စေမည့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကိုလည်း အလေးထား စဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ အမျိုးသမီးနှင့်ကလေးသူငယ်များကို အကြမ်းဖက်မှုမှ အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်ကြီးရွယ်အို စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ တောင်သူလယ်သမားများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများဖြင့် မလုံလောက်ပါက ဥပဒေအသစ်များပြဋ္ဌာန်းနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် မိမိတို့၏ဆောင်ရွက်ချက်များကို သိသာထင်ရှားသည့် တိုးတက်မှုများရှိစေရန်အတွက် Key Performance Indicator (KPI) ဖြင့် အကဲဖြတ်တိုင်းတာဆောင်ရွက်ထားရှိရန်လိုအပ်ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ အခြားနိုင်ငံတကာ လွှတ်တော်များ၏ ဆောင်ရွက်ချက်များအပေါ် လေ့လာသုံးသပ်ပြီး နိုင်ငံနှင့်ပြည်သူကို အကျိုးပြုသော လွှတ်တော်တစ်ရပ်ဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မြင့်မားမှသာ လွှတ်တော်၏အခန်းကဏ္ဍလည်းမြင့်မားလာမည်ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များ အရည်အသွေးမြင့်မားရေးအတွက် ဆွေးနွေးပွဲများ၊ သင်တန်းများဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကော်မတီများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်များသည် အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များဖြစ်၍ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပါက ပိုမိုထိရောက်မှုရှိမည်ဟု အကြံပြုလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ကော်မတီများအလိုက်ဆောင်ရွက်နေသည့်ကိစ္စရပ်များကို တင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆဋ္ဌမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးတို့သို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၇**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၅ ရက်က ကျင်းပသည့် ဆဋ္ဌမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးနှင့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲတို့သို့ တက်ရောက်ခဲ့သည်။

ဦးစွာ ရုရှား-မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မက်ခ်ဆင်း ရယ်ရှဲသင်ကော့ဗ်တို့ သီးသန့်တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက်ကော်မရှင်အစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးကို ကျင်းပရာ ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက နှစ်နိုင်ငံကြား စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ စွမ်းအင်ကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့တွင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဆဋ္ဌမအကြိမ် ရုရှား-မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေး၏ ဆွေးနွေးမှုမှတ်တမ်းကိုအတည်ပြုပြီး ကျန်းမာရေး၊ ပညာရေး၊ စွမ်းအင်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့နိုင်စေရန်ရည်ရွယ်၍ နှစ်နိုင်ငံကြား စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။



ထို့ပြင် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးခြင်းနှင့် စီးပွားရေးဆိုင်ရာ အဆက်အသွယ်များ ထူထောင်ခြင်းတို့ကို ပြုလုပ်နိုင်စေရန် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ (Business-to-Business -B2B Session) ကိုလည်း ကျင်းပခဲ့သည်။

အောက်တိုဘာ ၄ ရက်က မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ JSC ''CenterInform'' မှ ကိုယ်စားလှယ်များနှင့် လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များသည် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲ (Business-to-Business -B2B Session) ကို တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၇**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လျှပ်စစ်မီးရရှိရေး၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းဆောင်သစ်များနှင့် ပညာရေးအထောက်အကူပြုသိုလှောင်ရုံ ဆောက်လုပ်ပေးရေး၊ ပညာသင်စရိတ်ချေးငွေများ ထုတ်ချေးပေးရေး၊ တက္ကသိုလ်များ နိုင်ငံတကာအဆင့်မီအောင်ဆောင်ရွက်ပေးရေး၊ ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ပေးရေး၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေကို အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို နှစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ တီးတိန်မဲဆန္ဒနယ်မှ ဦးဆလိုင်းအောင်ပြည့်၏ **မဟာဓာတ်အားလိုင်း ၆၆ ကေဗွီလိုင်းကို ကလေးမြို့မှ တီးတိန်မြို့သို့ သွယ်တန်းပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တီးတိန်မြို့ကို မဟာဓာတ်အားလိုင်းစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၆၆ ကေဗွီ ကလေး-တီးတိန်-သိုင်းငင်း ဓာတ်အားလိုင်း မိုင် ၄၀ နှင့် ၆၆ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၁ ရက်တွင် ဂျပန်နိုင်ငံ JICA (MY-P30) ချေးငွေစီမံကိန်းအသစ်တွင် ထည့်သွင်းလျာထားခဲ့သော်လည်း ချေးငွေစီမံကိန်းအသစ်မှာ အကောင်အထည်မဖော်နိုင်ဘဲ ဆိုင်းငံ့လျက်ရှိပါသဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့၏ညှိနှိုင်းတောင်းဆိုမှုအရ တီးတိန်မြို့သို့ မဟာဓာတ်အားလိုင်းစနစ် အမြန်ဆုံးရောက်ရှိနိုင်စေရေးအတွက် ၆၆ ကေဗွီ ကလေး-သိုင်းငင်း-တီးတိန် ဓာတ်အားလိုင်း မိုင် ၄၀ တည်ဆောက်ခြင်းအစား လျှပ်စစ်ဓာတ်အားရောက်ရှိပြီးဖြစ်သည့် ၆၆ ကေဗွီ ဂန့်ဂေါ-ဟားခါး - ဖလမ်း-သိုင်းငင်း ဓာတ်အားလိုင်းမှ ဆက်လက်ချိတ်ဆက်၍ ၆၆ ကေဗွီ သိုင်းငင်း - တီးတိန် ဓာတ်အားလိုင်း ၁၆ ဒသမ ၃ မိုင်နှင့် ၆၆ ကေဗွီ တီးတိန်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်၍ လျာထားဆောင်ရွက်ခဲ့ပါကြောင်း။

၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၆ ဒသမ ၃ မိုင် တည်ဆောက်ခြင်းအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပထမအသုတ်တာဝါတိုင်များကို ငွေကျပ် သန်း ၁၂၈၂ ဒသမ ၈၂၀ ဖြင့် လည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒုတိယအသုတ် တာဝါတိုင်များ၊ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာနှင့် ဓာတ်အားခွဲရုံပစ္စည်းများကို ငွေကျပ် ၄၆၇၅ ဒသမ ၀၇၉ သန်းဖြင့် လည်းကောင်း စုစုပေါင်း ငွေကျပ် ၅၉၆၇ ဒသမ ၉၉၉ သန်းဖြင့် တင်ဒါခေါ်ဝယ်ယူခဲ့သော်လည်း နယ်မြေအခြေအနေအရ လုပ်ငန်းခွင်သို့ ပစ္စည်းပေးပို့နိုင်မှုမရှိသေးသဖြင့် နေပြည်တော် ဌာနစတိုတွင်ပစ္စည်းများကို စုဆောင်းသိမ်းဆည်းထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ လျာထားဆောင်ရွက်ခြင်းကို ရပ်နားထားခဲ့ပါကြောင်း။

ကျန်ရှိသည့် တတိယအသုတ် တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများ၊ ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများနှင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံမြို့ပြနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်စရိတ်များအတွက် ငွေကျပ် ၆၂၆၆ ဒသမ ၀၂၃ သန်းကို ထပ်မံလျာထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး လတ်တလော နယ်မြေအခြေအနေအရ ပစ္စည်းများပို့ဆောင်ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဆက်လက်လျာထား ဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့် နယ်မြေအခြေအနေအရ လုပ်ငန်းဆောင်ရွက်နိုင်သည့်အခါ ကျန်ရှိပစ္စည်းများ အပြီးသတ်ဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်ထောင်စုရန်ပုံငွေဖြင့် ဆက်လက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း၏ **အင်္ဂပူမြို့နယ် ထူးကြီးဒေသရှိချောင်းခွ၊ ညောင်ပင်ကြီးကွင်း၊ တစ်တီတူးကွင်း စသည့်ကျေးရွာအုပ်စုများ၌ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထူးကြီးဒေသရှိ ချောင်းခွကျေးရွာ အုပ်စုတွင် ကျေးရွာ ငါးရွာ၊ ညောင်ပင်ကြီးကွင်းကျေးရွာအုပ်စုတွင် ကျေးရွာ ခြောက်ရွာ၊ တစ်တီတူးကွင်းကျေးရွာအုပ်စုတွင် ကျေးရွာသုံးရွာ စုစုပေါင်းကျေးရွာ ၁၄ ရွာရှိပြီး အဆိုပါကျေးရွာ ၁၄ ရွာအနက် ညောင်ပင်ကြီးကွင်းကျေးရွာအုပ်စု ဘန့်ဘွေးကုန်းကျေးရွာ၊ တစ်တီတူးကွင်းကျေးရွာအုပ်စု တစ်တီတူးကွင်းကျေးရွာတို့သည် ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပြီးဖြစ်ပါကြောင်း။

အင်္ဂပူမြို့နယ် ထူးကြီးဒေသရှိ ချောင်းခွအုပ်စု၊ ညောင်ပင်ကြီးကွင်းအုပ်စု၊ တစ်တီးတူးကွင်းအုပ်စုတို့မှ မီးလင်းရန်ကျန်သည့် ကျေးရွာ ၁၂ ရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၆ဒသမ၇၆ မိုင်နှင့် ၁၁/သုည ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၂ လုံးတည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အဆင့်ဆင့်လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျေးရွာများအတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးရွာမှ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်းပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် အ.ထ.က (ခွဲ)ဝါးခွ၊ အ.မ.က (ရေစင်)၊ အ.ထ.က(ခွဲ) ထန်းပင်ကန်တို့တွင် ကျောင်းဆောင်အသစ်တစ်လုံးစီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဝါးခွ-အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်ငါးဆောင်၊ စာသင်ခန်း ၁၅ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်းလေးခန်း လိုအပ်ကြောင်း တွေ့ရှိရသည့်အတွက် အဆိုပါလိုအပ်သော စာသင်ခန်း လေးခန်းအတွက် ပေ ၁၂၀ x ၃၀ RC တစ်ထပ်ကျောင်းဆောင်ကို အသစ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရေစင်-အခြေခံပညာမူလတန်းကျောင်းတွင် ပေ ၁၂၀ x ၃၀ အုတ်ညှပ်တစ်ထပ်ဆောင်၌ စာသင်ခန်းခြောက်ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်းသုံးခန်းလိုအပ်ကြောင်းတွေ့ရှိရသည့်အတွက် အဆိုပါလိုအပ်သော စာသင်ခန်းသုံးခန်းအတွက် ပေ ၆၀ x ၃၀ RC တစ်ထပ်ကျောင်းဆောင်ကို အသစ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထန်းပင်ကန်-အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်များအနေဖြင့် ပေ ၁၅၀ x ၃၀ အုတ်ညှပ်တစ်ထပ်၊ ပေ ၁၂၀ x ၃၀ အုတ်ညှပ်တစ်ထပ်၊ ပေ ၁၀၀ x ၃၀ အုတ်ညှပ် တစ်ထပ်၊ စုစုပေါင်း ကျောင်းဆောင်သုံးဆောင်၊ စာသင်ခန်း ၁၂ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း လေးခန်းလိုအပ်ကြောင်း တွေ့ရှိရသည့်အတွက် အဆိုပါလိုအပ်သော စာသင်ခန်း လေးခန်းအတွက် ပေ ၁၂၀ x ၃၀ RC တစ်ထပ်ကျောင်းဆောင်ကို အသစ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှူးမြို့နယ် မိုင်းအော့ အ.ထ.က(ခွဲ)ကျောင်း၏ ဝန်ထမ်းအိမ်ရာများနှင့် ကျောင်းဆောင်သစ်တစ်ဆောင်ကို မည်သည့်နှစ်များတွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းအော့-အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်များအနေဖြင့် အဆိုပါကျောင်းတွင် ၁၅၀ x ၂၅ ပေ သွပ်မိုး အုတ်ညှပ်နှစ်ထပ်၊ ပေ ၁၂၀ x ၃၀ သွပ်မိုး အုတ်ညှပ်တစ်ထပ် စုစုပေါင်း ကျောင်းဆောင် နှစ်ဆောင်၊ စာသင်ခန်း ၁၀ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်းသုံးခန်း လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် မိုင်းအော့-အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် ကျောင်းသားဦးရေအရ လိုအပ်သော စာသင်ခန်းသုံးခန်းအတွက် ပေ ၉၀ x ၃၀ RC တစ်ထပ်ကျောင်းဆောင်ကို အသစ်ဆောက်လုပ်ရန်၊ အဆိုပါကျောင်း၏ ပေ ၁၅၀ x ၂၅ ပေ အုတ်ညှပ်နှစ်ထပ်ဆောင် အမိုးသွပ်ပေါက်ပြဲ၍ မိုးယိုနေခြင်းကို အကြီးစားပြုပြင်ရန်နှင့် ကျောင်းပိုင်မြေသည် ၁ ဒသမ ၁၆၈ ဧကရှိပြီး လိုအပ်လျက်ရှိသည့် ပေ ၂၈၀ အုတ်တံတိုင်းကာရံရန် လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ် ပြည်နယ်၏တန်းစီဇယားဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါကျောင်းတွင် ဝန်ထမ်းအိမ်ရာထပ်မံဆောက်လုပ်ရန်မြေနေရာ လုံလောက်မှုမရှိပါကြောင်းနှင့် လက်ရှိဝန်ထမ်းအိမ်ရာများကို လုံခြုံမှုရှိစေရေး အမြန်ဆုံး ပြင်ဆင်ပေးသွားမည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြားသည်။

သုံးခွမဲဆန္ဒနယ်မှ ဦးအောင်ကျော်မင်း၏ **သုံးခွမြို့နယ် မြို့မ-အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်ဟောင်း ဖျက်သိမ်းခွင့်ပြုရန်နှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့မ-အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ခန်း ၂၁ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်း ငါးခန်းလိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မြို့မ-အခြေခံပညာ အထက်တန်းကျောင်းရှိ ခရေဆောင် ပေ ၁၀၀ x ၃၀ (အန္တရာယ်ဆောင်)သည် အင်ဂျင်နီယာထောက်ခံချက်အရ အန္တရာယ်ရှိပါသဖြင့်ဖျက်သိမ်း၍ ၎င်းကျောင်းဆောင်တွင် သင်ကြားနေသော စာသင်ခန်းသုံးခန်းနှင့် ကျောင်းသားဦးရေအရ လိုအပ်သောစာသင်ခန်း ငါးခန်း၊ စုစုပေါင်း စာသင်ခန်း ရှစ်ခန်းအတွက် ပေ ၁၄၀ x ၃၀ RCC နှစ်ထပ်တိုးချဲ့အသစ်ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျုံပျော်မဲဆန္ဒနယ်မှ ဦးဇော်မင်း၏ **ကျုံပျော်မြို့နယ် ခရိုင်ပညာရေးမှူးရုံး၌ ပညာရေးအထောက်အကူပြုသိုလှောင်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်ပညာရေးမှူးရုံး ပေ ၁၀၀ x ၃၀ RC နှစ်ထပ်အဆောက်အအုံကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ငွေလုံးငွေရင်း(တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ပြီး ဝန်ထမ်းအင်အားအနေဖြင့် အရာထမ်း ၁၅ ဦး၊ အမှုထမ်း ၂၃ ဦး စုစုပေါင်းဝန်ထမ်း ၃၈ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ခရိုင်ပညာရေးမှူးရုံးအနေဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များသို့ ဖြန့်ဝေမည့် ကျောင်းသုံးပြဋ္ဌာန်း ပုံနှိပ်စာအုပ်များ၊ ဆရာကိုင်ဆရာလမ်းညွှန်စာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ၊ ဗလာစာအုပ်များ ထားသိုနိုင်ရေးအတွက်လိုအပ်လျက်ရှိသော ပေ ၁၂၀ x ၃၀ RC တစ်ထပ် သိုလှောင်ရုံကို လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေဖြင့် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **တက္ကသိုလ်ပညာနှင့် အဆင့်မြင့်ပညာသင်ကြားရန် အခက်အခဲရှိသူများကို ပညာသင်စရိတ်ချေးငွေများ ထုတ်ချေးပေးရန် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍

**စာမျက်နှာ ၂၂ သို့**

**စာမျက်နှာ ၂၁ မှ အဆက်**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးဝန်ကြီးဌာနသည် အမှန်တကယ်ဆင်းရဲသော မိသားစုများမှ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ပညာဆက်လက်သင်ယူနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ကြေးများကို တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ကပ်လျက်ပညာသင်နှစ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ် ပထမနှစ် (နေ့သင်တန်း) တက်ရောက်လျက်ရှိသော စုစုပေါင်းကျောင်းသားဦးရေ၏ ၁၀ ရာခိုင်နှုန်းကို ပထမဘွဲ့ရရှိသည်ထိ ပညာသင်နှစ် တစ်နှစ်လျှင် ၁၀ လ၊ တစ်လလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် သတ်မှတ်ချက်နှင့်ကိုက်ညီသူများကို နှစ်စဉ်ချီးမြှင့်လျက်ရှိပါကြောင်း။

တက္ကသိုလ်များတွင် One campus, Two-system စနစ်ဖြင့် နေ့သင်တန်းများအပြင် အဝေးသင်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသောကြောင့် ဆင်းရဲသောကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဝင်ငွေရရှိသည့် အလုပ်လုပ်ကိုင်လျက် တက္ကသိုလ်ပညာ၊ အဆင့်မြင့်ပညာများဆက်လက်သင်ယူနိုင်ပါကြောင်း၊ ပညာရေးတက္ကသိုလ်များသို့ တက်ရောက်သော ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်က စားသောက်စရိတ်များ ထောက်ပံ့ပေးအပ်ကာ B.Ed. ဘွဲ့ရရှိပြီးနောက် အထက်တန်းပြဆရာများအဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်စေလျက်ရှိပါကြောင်း။

ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းတွင် နိုင်ငံတော်က စားသောက်စရိတ်ထောက်ပံ့ကျွေးမွေးကာ ကျောင်းအိပ်၊ ကျောင်းစား စီစဉ်ထားရှိ၍ စားသောက်ရေး၊ နေထိုင်ရေးတို့ကို စီမံဆောင်ရွက်ပေးထားပြီး လေးနှစ်သင်တန်းပြီးဆုံးပါက မူလတန်းပြနှင့် အလယ်တန်းပြဆရာများအဖြစ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်စေလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအခြေအနေတွင် ကျောင်းသားလူငယ်များ တက္ကသိုလ်ပညာ၊ အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားနိုင်ရန်အတွက် လုံလောက်သည့် တက္ကသိုလ်ပညာသင်စရိတ်ချေးငွေများ ထုတ်ချေးပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နေ့သင်တန်းတက်ရောက်နေသော ဆင်းရဲသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ငြေး၏ **နိုင်ငံတော်ကဖွင့်လှစ်ထားသည့် တက္ကသိုလ်များကို နိုင်ငံတကာအဆင့်မီရေး မည်သို့ဆောင်ရွက်နေသည်နှင့် ဆောင်ရွက်သွားမည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးဝန်ကြီးဌာနသည် တက္ကသိုလ်များကို နိုင်ငံတကာအဆင့်မီရေးအတွက် သင်ရိုးညွှန်းတမ်းများ နိုင်ငံတကာအဆင့်မီရေး၊ ပေါင်းစပ်ဘာသာရပ်များနှင့် အသုံးချဘာသာရပ်များ တိုးချဲ့သင်ကြားရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာအဆင့်မီသင်ရိုးများဖြစ်စေရန်အတွက် သင်ရိုးသစ်များနှစ်စဉ်ပြင်ဆင်ရေးဆွဲခြင်းတို့ကို ဘာသာရပ်သင်ကြားရေးအဖွဲ့များက ဆောင်ရွက်လျက်ရှိပါကြောင်း၊ Tutorials, Assignments, Practicals များကို ပုံမှန်ဆောင်ရွက်စေပြီး တီထွင်ဆန်းသစ်သောသင်ကြားသင်ယူမှုဖြစ်စေရန် Project-based Learning (PBL) အပါအဝင် ကျောင်းသားဗဟိုပြု သင်ကြားနည်းများ အကောင်အထည်ဖော်ခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု သင်ကြားသင်ယူမှုဖြစ်စေရန် Learning Management System (LMS) တည်ထောင်ခြင်းနှင့် Digital Library များ ဖွင့်လှစ်ထားရှိခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

သင်ကြားရေး ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ ရက်တိုလေ့လာရေးခရီးစဉ်များနှင့် နှစ်ရှည်နိုင်ငံခြားပညာတော်သင် စေလွှတ်ခြင်းများ လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်များ အဆင့်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတကာပညာသင်ဆုများမှတစ်ဆင့် နိုင်ငံခြားတက္ကသိုလ်များတွင် ပါရဂူဘွဲ့သင်တန်းတက်ရောက်နိုင်ရေးနှင့် ပါရဂူဘွဲ့ရများ မွေးထုတ်ပေးရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကိုဖွဲ့စည်းပြီး အရည်အသွေးအာမခံမှုစနစ်လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်များတွင် Internal Auditing နှင့် External Auditing of ASEAN University Network ၏ "AUN QA Criteria" ကျင့်သုံးလျက် Programme Level နှင့် Institutional Level တို့တွင် အရည်အသွေးအာမခံမှုနှင့် အသိအမှတ်ပြုခြင်းများ ရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့တက္ကသိုလ်အဆင့်သတ်မှတ်ချက် စနစ်ဖြစ်သော Times Higher Education (THE)၏ စံသတ်မှတ်ချက်များဖြစ်သည့် 5 Pillars နှင့် 17 Performance Indicators များကိုအခြေခံပြီး အခြားနာမည်ကြီး ကမ္ဘာ့တက္ကသိုလ်အဆင့်သတ်မှတ်ချက်တစ်ခုဖြစ်သော QS Asia University Rankings ၏ လက်ရှိစံသတ်မှတ်ချက်ဖြစ်သော 11 Indicators ကို ပြည့်မီရေး တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများမျှော်မှန်းချက်ဖြစ်သည့်မြန်မာတက္ကသိုလ်များ နိုင်ငံတကာအဆင့်မီရေးအတွက် "Quality Education, Digital Transformation, Research & Innovation, Internationalization & Quality Assurance" ဟူသော ကဏ္ဍများကို အဓိကထား၍ စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မိုးညှင်းတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမကို မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က မိုးညှင်းတက္ကသိုလ်သည် ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး တက္ကသိုလ်မြေဧရိယာ ဧက ၂၁၀ ကျယ်ဝန်းပါကြောင်း၊ မိုးညှင်းတက္ကသိုလ်တွင် မိုးညှင်းမြို့နယ်၊ မိုးကောင်းမြို့နယ်၊ ဖားကန့်မြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ဗန်းမော်ခရိုင်တို့မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ပညာသင်ယူလျက်ရှိပါကြောင်း။

မိုးညှင်းဒီဂရီကောလိပ်မှ မိုးညှင်းတက္ကသိုလ်အဖြစ်သို့ ၂၀၂၀ ပြည့်နှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပြီးနောက် ပထမအကြိမ် ဘွဲ့နှင်းသဘင်၊ ဒုတိယအကြိမ်ဘွဲ့နှင်းသဘင်၊ တတိယအကြိမ် ဘွဲ့နှင်းသဘင်၊ စတုတ္ထအကြိမ် ဘွဲ့နှင်းသဘင် နေ့သင်တန်း၊ အဝေးသင် သင်တန်းအပိုင်းခွဲ၍ ဘွဲ့နှင်းသဘင်အခမ်းအနားကို အလျား ပေ ၈၀၊ အနံ ပေ ၅၀ အကျယ်ရှိ ဘက်စုံသုံးခန်းမတွင်ကျင်းပပြီး ဘွဲ့များအပ်နှင်းချီးမြှင့်ခဲ့ပါကြောင်း။

တက္ကသိုလ်ဘွဲ့နှင်းသဘင် အဆောက်အအုံသည် တက္ကသိုလ်၏ ဂုဏ်ဒြပ်ဖြစ်သည့်အတွက် ဘက်ပေါင်းစုံမှစဉ်းစားတွက်ချက်ခြင်း၊ အဆိုပြုနေရာနှင့် အဆိုပြုပုံစံဒီဇိုင်းများရေးဆွဲပြီး ဦးစားပေးအဆင့်အလိုက် သတ်မှတ်ရွေးချယ်ခြင်းတို့ကို ရေရှည်အကျိုးမျှော်ကိုး၍ အဆင့်ဆင့်စနစ်တကျ တည်ဆောက်ကြရပါကြောင်း။

မိုးညှင်းတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပြီးနောက် တိုးတက်လာသော ကျောင်းသားဦးရေနှင့်အညီ တက္ကသိုလ်အဆင့် ဘွဲ့နှင်းသဘင် အဆောက်အအုံ တည်ဆောက်နိုင်ရေးအတွက် အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ကာ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဖြည့်ဆည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ၏ **၁၉၈၄ ခုနှစ် ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေကို အမျိုးသားရေးဥပဒေ၏ မူဝါဒများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒစ်ဂျစ်တယ်သင်ယူမှုပုံစံများနှင့် ကိုက်ညီစေရန် အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းရန် မည်သို့ဆောင်ရွက်ထားသနည်းနှင့် အနာဂတ်တွင် ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေကို ၁၉၈၄ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၂၀၀၃ ခုနှစ် ဧပြီ ၇ ရက်တွင်ကျင်းပသော မြန်မာနိုင်ငံပညာရေးကော်မတီ၏ ၁/၂၀၀၃ အစည်းအဝေးဆုံးဖြတ်ချက်အရ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဆရာတစ်ဦးသည် ကိုယ်ပိုင်သင်တန်းအများဆုံး သုံးခုထိ သင်ကြားနိုင်ပြီး ကိုယ်ပိုင်သင်တန်းတစ်ခုလျှင် ကျောင်းသင်ဘာသာရပ်သုံးခုထိ သင်ကြားနိုင်ပါကြောင်းနှင့် ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေကို ပြန်လည်စိစစ်ဆဲကာလတွင် ကျင့်သုံးရန်မူအဖြစ် အခြေခံပညာဦးစီးဌာနက ဆက်လက်လိုက်နာဆောင်ရွက်နေဆဲဖြစ်ပါကြောင်း။

ဘာသာရပ်သင်ဆရာ အရည်အချင်းသတ်မှတ်ချက်အနေဖြင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ သို့မဟုတ် ဆရာအတတ်ပညာသင်တန်းဆင်းလက်မှတ်ရရှိသူဖြစ်ရန်လိုအပ်ပြီး ဘွဲ့သင်တန်းနောက်ဆုံးနှစ်တွင် ဖြေဆိုခဲ့သော ဘာသာရပ် သို့မဟုတ် ဆရာအတတ်ပညာသင်တန်းတွင် ဖြေဆိုအောင်မြင်ခဲ့သော ဘာသာရပ်ကိုသင်ကြားရမည်ဖြစ်ပြီး ဆရာကျင့်ဝတ်သိက္ခာနှင့် ကိုက်ညီ၍ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း ဆရာမှတ်ပုံတင် လက်မှတ်ရရှိပြီးမှသာ သင်ကြားခွင့်ရရှိမည်ဖြစ်ပါကြောင်း။

၁၉၈၄ ခုနှစ် ကိုယ်ပိုင်သင်တန်းဥပဒေတွင်ပါရှိသော အသုံးအနှုန်းများနှင့် ပြစ်ဒဏ်သတ်မှတ်ချက်ငွေကြေးနှုန်းထားများမှာ ခေတ်ကာလနှင့် လိုက်လျောညီထွေမရှိခြင်းကြောင့် လိုအပ်ချက်များ ထပ်မံဖြည့်စွက်၍ ပြင်ဆင်နိုင်ရေးအတွက် အခြေခံပညာဦးစီးဌာနက ပြန်လည်စိစစ်လျက်ရှိပါကြောင်း၊ အွန်လိုင်းနှင့် ဒစ်ဂျစ်တယ်သင်ကြားရေးစနစ်များကိုလည်း ထည့်သွင်းစိစစ်လျက်ရှိပါကြောင်း၊ ဥပဒေပြင်ဆင်ချက်များသည် ယေဘုယျအားဖြင့် မူရင်းဥပဒေပြဋ္ဌာန်းချက်များ၏ ထက်ဝက် သို့မဟုတ် သုံးပုံနှစ်ပုံကျော်နေလျှင် ဥပဒေအသစ်အနေဖြင့် ရေးဆွဲရန်ပြဋ္ဌာန်းထားပါသဖြင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက စနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၏ **“ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အလိုက် ထူးချွန်ကျောင်းသားများ (ဝိဇ္ဇာချွန်ဆု၊ သိပ္ပံချွန်ဆု) ရွေးချယ်၍ အထူးလေ့ကျင့်ပြုစုပျိုးထောင်ရေး အစီအစဉ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၈) နိုင်ငံသား၊ ပုဒ်မ ၃၆၈ နှင့်အညီ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆို”** ကို တင်သွင်းရာ မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့်အဆိုကို လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **“နိုင်ငံသူနိုင်ငံသား မိဘပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ဝန်ပိနေမှုများကို လျှော့ချပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါကြီးများကို နိုင်ငံတကာအဆင့်မီကုသမှု ခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများအလိုက် အဆင့်မြင့်အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်းသည့်အဆို”**ကို တင်သွင်းရာ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်းက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့်အဆိုကို လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို အောက်တိုဘာ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်**

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**











၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

■ **အားကစားပြိုင်ပွဲများမှ**

စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် နိုင်ငံတော်အားကစားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အမျိုးသား၊ အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲ၊အမျိုးသား ၁၀ မျိုးစုံ (၁) မီတာ ၁၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား ၁၀ မျိုးစုံ (၂) အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊အမျိုးသား၊အမျိုးသမီးမီတာ၂၀၀ အပြေးပြိုင်ပွဲလူရွေးပွဲ၊အမျိုးသား ၁၀ မျိုးစုံ (၄)တန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ တန်းကျော်အပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား ၁၀ မျိုးစုံ (၅) မီတာ ၄၀၀ အပြေးပြိုင်ပွဲဗိုလ်လုပွဲကိုလည်းကောင်း၊ ဇေယျာသီရိလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ အမျိုးသား ၁၀ မျိုးစုံ (၃) သံလုံးပစ်ပြိုင်ပွဲဗိုလ်လုပွဲကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။ပြိုင်ပွဲများအပြီးတွင် အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့်အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲတွင် ယခင်နှစ်စံချိန်များထက် အမျိုးသမီး ခုနစ်မျိုးစုံ (၂) တန်းမြင့်ခုန်ပြိုင်ပွဲ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းမှ ယဉ်ယဉ်စိုးသည် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းမှ နန်းဖြူပြာမြင့်၏ စံချိန် ၁ ဒသမ ၅၈ မီတာကို ကျော်လွန်ပြီး ၁ ဒသမ ၆၀ မီတာဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည့်အပြင် ၁၉၈၅ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး ခုနစ်မျိုးစုံပြိုင်ပွဲတွင်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းမှ ရာဒါဒေဝီစံချိန်တင်ရရှိခဲ့သည့် အမှတ်ပေါင်း ၃၉၃၉ မှတ်ကို ကျော်လွန်၍ ယဉ်ယဉ်စိုးက ရမှတ်ပေါင်း ၄၀၈၇ မှတ်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။ အလားတူ အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းမှ သွယ်သွယ်မိုးသည် ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲတွင် ၎င်းစံချိန်တင်ထားသည့် ၄၇ ဒသမ ၄၈ မီတာကို ကျော်လွန်၍ ၅၀ ဒသမ ၀၃ မီတာဖြင့် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများ အသီးသီးယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲကိုဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ အမျိုးသား၊ အမျိုးသမီးကွာတားအဆင့် ပတ်လည်ပြိုင်ပွဲများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသားဗန်တိုအတိုက် (က)တန်း၊အမျိုးသား ဗန်တိုအတိုက် (ခ)တန်း၊ ၅၅-၆၀ ကီလိုတန်း အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ၊ ၄၅-၅၀ ကီလိုတန်း အမျိုးသမီးပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားနှစ်လက်အတိုက် (က)တန်းအကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားနှစ်လက် အတိုက် (ခ)တန်း အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက်အတိုက် (က)တန်းအတိုက် ပြိုင်ပွဲအကြိုဗိုလ်လုပွဲစဉ်များ၊အမျိုးသား ဓားတစ်လက်အတိုက် (ခ)တန်းအတိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီး ဓားတစ်လက်အတိုက်ပြိုင်ပွဲများ၊ အမျိုးသား တစ်ကိုယ်တော်တုတ်ရှည်သိုင်းစွမ်းရည်ပြပြိုင်ပွဲများ၊ အမျိုးသမီး နှစ်ယောက်အတွဲတိုက်စွမ်းရည်ပြ ပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်အားကစားရုံ၌ အလွတ်တန်း လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပွဲစဉ်များကိုလည်းကောင်း၊ ၅၆ ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၊ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်း၊ အလွတ်တန်းနှင့် (က)အဆင့် အကြိုဗိုလ်လုပွဲစဉ်များကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့အတူ ၂၀၂၆ ခုနှစ် ၆၃ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ဇေယျာသီရိလေ့ကျင့်ရေးကွင်းအမှတ်(၁)၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြုအသင်းအား သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး အောက်တိုဘာ ၁၀ ရက်တွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အောက်တိုဘာ ၁၁ ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ဇေယျာသီရိ တပ်မတော်အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊အရာရှိ၊စစ်သည်၊မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)









၂၀၂၆ ခုနှစ်
တပ်မတော် (ကြည်း၊ ရေ၊ လေ)
အားကစားပြိုင်ပွဲများ
ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို
တွေ့ရစဉ်။

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၇**

မြန်မာ့သမိုင်းစဉ်ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်နှင့် အထွေထွေဗဟုသုတများကို လေ့လာနိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်၊ ကျောင်းပြင်ပဗဟုသုတများရရှိစေရန်နှင့် ကျောင်းသား၊ ကျောင်းသူလူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ကျည်တောင်ကန်)မှကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို မုန့်များပေးဝေကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကိုမေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“နိုင်ငံရဲ့ အရေးကြီးတဲ့ စစ်သမိုင်းတစ်လျှောက်လုံးကို ကလေးတွေ အကုန်လုံးသိအောင်၊မြင်အောင်၊ နားလည်အောင်ဆိုပြီးတော့ စစ်သမိုင်းပြတိုက်ကနေပြီးတော့ သူတို့ ခေတ်အဆက်ဆက်က သုံးလာတဲ့ လက်နက်တို့၊ လေယာဉ်တို့၊ စစ်ပစ္စည်းတွေကို လေ့လာရတဲ့အတွက် သူတို့အတွက် အများကြီးဗဟုသုတရရှိပါတယ်။ သူတို့အတွက်လဲ အများကြီးအကျိုးရှိမယ်လို့ထင်ပါတယ်။ အခုလို လေ့လာ



ခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိသူများ ပညာရေးဝန်ကြီးဌာနကိုရော စစ်သမိုင်းပြတိုက်မှာ တာဝန်ထမ်းဆောင်နေတဲ့ အရာရှိ၊ အကြပ်၊ စစ်သည်တွေအားလုံးကိုလဲ ကျောင်းသားတွေကိုယ်စား ဗဟုသုတရရှိတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်ရှင့်”ဟု ပြောသည်။

“ကျွန်တော် စစ်သမိုင်းပြတိုက်ကို လာရောက်တဲ့အခါမှာ တပ်မတော်မှာရှိတဲ့ ကြည်း၊ ရေ၊ လေ ဌာနကြီးသုံးခုရဲ့ အရေးပါပုံတွေ၊ ဘယ်လိုတွေဆောင်ရွက်နေတယ်၊ ဘာတွေလုပ်နေတယ်။ ရှေးခေတ်ကနေပြီးတော့ အခုလက်ရှိအထိ ဘယ်လိုတွေ ဆင့်ကဲပြောင်းလဲလာတယ် ဆိုတာတွေကိုလဲ သိရှိခဲ့ရပါတယ်ခင်ဗျာ။ ပြင်ပပြကွက်ဖြစ်တဲ့ ကြည်း၊ ရေ၊ လေ ပြကွက်တွေကို ကြည့်ရှုပြီးပါပြီ။ အဲ့ဒီထဲမှာ ကျွန်တော် ရေပြကွက်ကို ပိုပြီးစိတ်ဝင်စားတယ်။ ကိုယ်တိုင်ကလဲ ရေကြောင်းနဲ့ပတ်သက်ပြီးတော့ စိတ်ဝင်စားတဲ့သူ ဖြစ်တာကြောင့် ရေပြကွက်မှာ စိတ်ဝင်စားစွာပိုပြီးလေ့လာဖြစ်ခဲ့ပါတယ်ခင်ဗျာ။ ကျောင်းသားလူငယ်တွေကို ဒီလိုစစ်သမိုင်းပြတိုက်ကြီးတစ်ခုကို လာရောက်ဖို့အတွက် ညွှန်ကြားပေးတဲ့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်နဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနဲ့ သက်ဆိုင်ရာ ဆရာ၊ ဆရာမတွေ၊ စစ်သမိုင်းပြတိုက်မှာ



တာဝန်ထမ်းဆောင်ပြီးတော့ ရှင်းပြပေးနေတဲ့ အရာရှိ၊ စစ်သည်တွေ စိတ်ရှည်လက်ရှည်နဲ့ ရှင်းပြပေးခဲ့တဲ့အတွက် တကယ်ကို ကျေးဇူးတင်မိပါတယ်။ ရှင်းပြပေးတဲ့အရာတွေက အခုလက်ရှိတင်မကဘဲ ကျွန်တော်တို့နောင်လာမယ့် နိုင်ငံတော်ကြီးကို ပခုံးပြောင်းတာဝန်ထမ်းဆောင်တဲ့အခါမှာလဲ များစွာ အထောက်အကူဖြစ်စေမယ်လို့ မျှော်လင့်ပါတယ်ခင်ဗျာ”ဟု ပြောသည်။ (၅၀၁)

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေပြန်လည်ကျဆင်းသည့် မြို့ရွာ၊ ရပ်ကွက်များ၌ နုန်းများ၊ အမှိုက်များ ဖယ်ရှားရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထုးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့ပြီး ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

အဆိုပါ ငဝန်မြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၌ လည်းကောင်း၊ အောက်တိုဘာ ၂ ရက်တွင် ကျောင်းကုန်းမြို့နယ်၌ လည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် ကျုံပျော်မြို့နယ်၌လည်းကောင်း၊ အောက်တိုဘာ ၇ ရက်တွင် ငါးသိုင်းချောင်းမြို့နယ်၌လည်းကောင်း ရေများပြန်လည်ကျဆင်းသွားခဲ့ပြီး ရေကြည်မြို့နယ်အတွင်း အနည်းငယ်သာကျန်ရှိကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ်တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း စသည့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအဖွဲ့များက ရေပြန်လည်ကျဆင်းသွားသည့်နေရာ၌ တင်ကျန်ခဲ့သည့်နုန်းများကို ဖယ်ရှားရှင်းလင်းပေးစဉ်။

## လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

**နေပြည်တော် အောက်တိုဘာ ၇**

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့် ဈေးနှုန်းနှင့် ငွေပေးချေသည့်အထောက်အထား စသည့်တိကျသည့်သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာ လေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက်ပိုမိုရောင်းချခြင်း၊ fake accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ “စိတ်တိုင်းကျ” အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်၌ လုယက်လူသတ်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား သုံးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၇**

၂၀၂၆ ခုနှစ် အောက်တိုဘာ ၅ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂)ရပ်ကွက် ဦးဝိစာရလမ်းနေ ဒေါ်စန္ဒာဝင်း ၅၇ နှစ်သည် အပြင်မှ ၎င်းပိုင် “စိတ်တိုင်းကျ” အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်သို့ ပြန်လည်ရောက်ရှိစဉ် အမျိုးသား တစ်ဦးက ဆိုင်ရှိ ငွေရှင်းကောင်တာအံဆွဲ ဖွင့်နေသည်ကိုတွေ့ရှိသဖြင့် မေးမြန်းရာ အဆိုပါအမျိုးသားက ၎င်းအားလက်သီးဖြင့် ထိုးကြိတ်ခဲ့သဖြင့် ဝဲပါးဖူးရောင်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် နေအိမ် မီးဖိုခန်းအတွင်းရှိ ခင်ပွန်းဖြစ်သူ ဦးကျော်ကျော်လွင်ကို အခြားအမျိုးသား နှစ်ဦးက ဓားဖြင့်ထိုးခုတ်ပြီး အဆိုပါအမျိုးသား သုံးဦး ထွက်ပြေးသွားချိန်တွင် ဦးကျော်ကျော်လွင်ကို ကြည့်ရှုရာ လည်ပင်း၊ ဝဲ၊ ယာပါး၊ ကုပ်ပိုး၊ နောက်ကျောနှင့် ယာလက်မောင်းတို့တွင် ပြတ်ရှဒဏ်ရာများ ရရှိခဲ့သောကြောင့် ဆေးကုသစဉ် သေဆုံးသွားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ တရားခံ အမျိုးသား သုံးဦးကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းက (ပ)၉၅၇/ ၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၄၅၂/ ၃၉၄/၃၂၃ ဖြင့် အမှုဖွင့်လှစ်ပြီး ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အခင်းဖြစ်နေ့ မွန်းလွဲပိုင်းတွင် တရားခံများ ဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေး အခင်းဖြစ်ရပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုခဲ့သည့် သက်သေခံ ဓားမတစ်ချောင်း၊ ဓားဦးချွန် ငါးချောင်း၊ ကတ်ကြေးတစ်လက်၊ လေးခွတစ်လက်တို့ကို အခင်းဖြစ်ပွားရာ “စိတ်တိုင်းကျ” အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်အတွင်း၌ သိမ်းဆည်းရမိခဲ့ပြီး တရားခံများဆက်လက် ဖမ်းဆီးနိုင်ရေးအတွက် နယ်မြေသတင်း ရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့ နေ့လယ်ပိုင်းတွင် ပြစ်မှုကျူးလွန်သူ ရွှေပြည်သာမြို့နယ် (ဏ/၁၄)ရပ်ကွက် ပန်းခြံ(၉) ငကြွဲလမ်းနေ တရားခံ အောင်ကိုဦး ခေါ် လင်းလင်းရွှေ ၃၅ နှစ်ကို ၎င်း၏နေအိမ်၌လည်းကောင်း၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ (ဏ/ ၁၄)ရပ်ကွက် သုခမိန်လမ်းနေ ဇော်မျိုးနိုင် ခေါ် အရှည်ကြီး ၃၉ နှစ်နှင့် ရွှေပြည်သာ မြို့နယ် (တ/၁၅)ရပ်ကွက် ဖိုးရာဇာလမ်းနေ ကျော်ကိုကို ခေါ် ကံဦး ၂၆ နှစ်တို့ကို ၎င်းတို့၏နေအိမ်များ၌ လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကာ သေဆုံးသူ ဦးကျော်ကျော်လွင်၏လက်မှ ဖြုတ်ယူရရှိခဲ့သည့် အလေးချိန် ၈ ပဲသားရှိ သက်သေခံ ရွှေလက်စွပ် တစ်ကွင်းကို ရွှေပြည်သာ မြို့နယ် လှော်ကားဈေးအတွင်းရှိ နဝလီ ရွှေဆိုင်မှ ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ အောင်ကိုဦး ခေါ် လင်းလင်းရွှေ၊ ဇော်မျိုးနိုင် ခေါ် အရှည်ကြီးနှင့် ကျော်ကိုကို ခေါ် ကံဦးတို့ သုံးဦးကို စစ်ဆေးခဲ့ရာ အဆိုပါဈေးဆိုင်၌ အသက်ကြီးရင့်သူ နှစ်ဦးသာရှိသည်ကိုသိရှိပြီး ငွေကြေးလိုအပ်ချက်အရ လုယက်ရန် တိုင်ပင်ပြီးနောက် ဝင်ရောက်လုယက်ခဲ့ရာ ဦးကျော်ကျော်လွင်က အော်ဟစ်အကူအညီတောင်းသဖြင့် ၎င်းတို့ယူဆောင်လာသည့် ကတ်ကြေး(တခြမ်းပဲ့)ဖြင့်ထိုးခြင်း၊ နေအိမ် မီးဖိုခန်းရှိ ဓားများဖြင့် ထိုးခုတ်ခြင်းများ ပြုလုပ်ပြီး ဦးကျော်ကျော်လွင်ထံမှ ရွှေလက်စွပ် တစ်ကွင်းနှင့် အံဆွဲအတွင်းမှ ငွေကျပ် ၇၀၀၀ ကို ယူဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရသည်။

ဖြစ်စဉ်တွင် “စိတ်တိုင်းကျ” အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်အတွင်း ဝင်ရောက်၍ လုယက် လူသတ်မှုကျူးလွန်ခဲ့ကြသူ တရားခံ အောင်ကိုဦး ခေါ် လင်းလင်းရွှေပါ သုံးဦးတို့ကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ “စိတ်တိုင်းကျ” အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်၌ လုယက်လူသတ်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား သုံးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

## ၇-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၇ ~ ၃၆၆၆.၅ | ၅၅၈.၂ ~ ၅၅၈.၄ | ၁၂၅.၃ ~ ၁၂၅.၅ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၃,၂၄၁,၈၁၉.၈၇ | ၃၇,၆၆၉,၄၀၃.၆၄ | - | - |

**၂၀၂၆ ခုနှစ် အောက်တိုဘာ ၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ










**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ကျောက်ဆည်မြို့နယ် ရွှေသာလျောင်းတောင်ပေါ်ရှိ ကျောက်သေတ္တာစေတီ ပြုပြင်ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မန္တလေး အောက်တိုဘာ ၇

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် တိမ်းစောင်းခဲ့သည့် ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်ရှိ ရွှေသာလျောင်းတောင်ပေါ်ရှိ ကျောက်သေတ္တာစေတီကို ပြုပြင်ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ကျောက်သေတ္တာစေတီ ပြုပြင်ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် (MHPD) ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး (MHPD)မှ တာဝန်ရှိသူများက တိုင်းတာတွက်ချက်ပြီး လုပ်ငန်းအပိုင်းအလိုက် ဆောင်ရွက်နေမှုများ၊ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရေးနှင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားကာ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

● ပြေးခုန်ပစ်ပြိုင်ပွဲမှ

အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေး၊ မီတာ ၄၀၀ တန်းကျော်ပြေး၊ အလျားခုန်နှင့် ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ လင်းထက်က စံချိန် 6:36.36 စက္ကန့်ဖြင့် ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ လှူပီးက စံချိန် 6:42.08 စက္ကန့်ဖြင့် ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ သော်ဇင်ကိုကိုက စံချိန် 6:57.00 စက္ကန့်ဖြင့် တတိယ၊ မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ကောင်းမြတ်ဇော်က စံချိန် 58.56 စက္ကန့်ဖြင့် ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ခွန်ကောင်းထက်စံက စံချိန် 59.59 စက္ကန့်ဖြင့် ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ စောခဲနက်က စံချိန် 61.10 စက္ကန့်ဖြင့် တတိယ၊ အလျားခုန်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ဟိန်းမြတ်ဇော်က စံချိန် 5.87 မီတာဖြင့် ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ ထက်မြတ်အောင်က စံချိန် 5.66 မီတာဖြင့် ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ဘုန်းမြတ်ကျော်က စံချိန် 5.46 မီတာဖြင့် တတိယ၊ ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ စောတောဘလူမူးက စံချိန် 41.16 မီတာဖြင့် ပထမ၊ ရှမ်းပြည်နယ်မှ ဟိန်းသူရမိုးက စံချိန် 36.50 မီတာဖြင့် ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ပြည့်ဘုန်းနိုင်က စံချိန် 34.15 မီတာဖြင့် တတိယရရှိခဲ့ကြသည်။



အလားတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ စုစုထွေးက စံချိန် 29:15.22 စက္ကန့်ဖြင့် ပထမ၊ ရှမ်းပြည်နယ်မှ အိဖြိုးဇင်က စံချိန် 29:31.91 စက္ကန့်ဖြင့် ဒုတိယ၊ ကယားပြည်နယ်မှ ကြယ်ဇင်လင်းက စံချိန် 30:22.88 စက္ကန့်ဖြင့် တတိယ၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒုံကမ်းက စံချိန် 8:18.60 စက္ကန့်ဖြင့် ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ဝင်းရတနာထွန်းက စံချိန် 8:44.68 စက္ကန့်ဖြင့် ဒုတိယ၊ ရှမ်းပြည်နယ်မှ ဝင်းဝင်းက စံချိန် 9:06.75 စက္ကန့်ဖြင့် တတိယ၊ မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ချစ်စနိုးဇော်က စံချိန် 67.85 စက္ကန့်ဖြင့် ပထမ၊ ရှမ်းပြည်နယ်မှ နန်းရွှေငွေးက စံချိန် 73.21 စက္ကန့်ဖြင့် ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းမေသက်ခိုင်က စံချိန် 75.74 စက္ကန့်ဖြင့် တတိယ၊ အလျားခုန်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မေသက်ခိုင်က စံချိန် 4.64 မီတာဖြင့် ပထမ၊ မွန်ပြည်နယ်မှ သီရိမွန်က စံချိန်4.23 မီတာဖြင့် ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ သန္တာလှိုင်က စံချိန် 4.18 မီတာဖြင့် တတိယ၊ ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ နော်ယမင်းအေးက စံချိန် 38.80 မီတာဖြင့် ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ နန်းဂျူးဂျူးက စံချိန် 29.83 မီတာဖြင့် ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ဆုဆုလှိုင်က စံချိန် 28.76 မီတာဖြင့် တတိယရရှိကြသည်။

အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ် ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ပြေးခုန်ပစ်အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲကို အောက်တိုဘာ ၆ ရက်မှ ၉ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း အမှတ်(၁)တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




❑ ဂုဏ်ပြုကြိုဆိုမှု

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အကၤအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဂုဏ်ပြုနေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

❍ တနင်္သာရီတိုင်းဒေသကြီးမှ

တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ၂၆ ရက် ညနေပိုင်းမှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ်-လောင်းလုံး- ကျောက်နီမော်- ရှင်မော်လမ်းမကြီးပေါ်ရှိနေရာအချို့တွင်ရေကျော်ခြင်း၊ မြေပြိုကျ၍ လမ်းပိတ်ခြင်းနှင့် လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ထားဝယ်-လောင်းလုံး-ကျောက်နီမော်-ရှင်မော်လမ်းမကြီးပေါ်ရှိ ပြိုကျ၍ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့သည့်နေရာများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျေးရွာ၊ ရပ်ကွက်များတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပါဝင်သော ကူညီကယ်ဆယ်ရေးအဖွဲ့များက လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ဆက်လက်ဆောင်ရွက်ပေးပြီး သောက်သုံးရေများ ဖြန့်ဝေပေးသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက လောင်းလုံးမြို့နယ်ရှိ သဇ္ဈာ၊ ပညွင်း၊ညွင်းမှော်၊ ပြင်းထိန်၊ ပိန်းရှောင်၊ စန်းလှမ်းကျေးရွာတို့မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ တနင်္သာရီမြို့ ချောင်းငယ်ရပ်ကွက်နှင့် ဘုရားကြီးကျောင်းတိုက်တို့၌လည်း နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ မြစ်ရေပြန်လည်ကျဆင်းသွားပြီးနောက် တင်ကျန်ခဲ့သည့် နုန်းမြေများနှင့် အမှိုက်များဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ထူးခြားသည့် နေ့အပူချိန်များ

(၇- ၁၀ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင် | ၃၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၃၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဖောင်းတူ | ၃၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| နေပြည်တော် | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဘီးလင်း | ၃၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

# အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/ ၂၀၂၆ )ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၇**

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၆) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင်အမှတ် (I-20) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက အဖွင့်အမှာစကားပြောကြားပြီး တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင်များက ဝန်ကြီးဌာန ၁၁ ခုမှ တာဝန်ရှိသူများနှင့် ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ကော်မတီအဖွဲ့ဝင်များနှင့်ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ ကော်မတီဝင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

❖ **ပြန်လည်ဝင်ရောက်မှ**

လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ DPLA အမည်ခံအဖွဲ့ဝင် အမျိုးသား ၄၃ ဦး၊ အမျိုးသမီး လေးဦး၊ KNPP အမည်ခံအဖွဲ့ဝင် အမျိုးသား တစ်ဦး စုစုပေါင်း ၄၈ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့သဖြင့် မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပအိုဝ်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းမှူးက အလင်းဝင်ရောက်လာသူ လူငယ်များကို အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးချုပ်က ဥပဒေအကြောင်းအရာများ ဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် MA-1 သေနတ် နှစ်လက်၊ AK-47 သေနတ် တစ်လက်၊ ကျည်အိမ်မျိုးစုံ ခြောက်ခု၊ လက်ပစ်ဗုံး နှစ်လုံး၊ ကျည်မျိုးစုံ ၂၅၁ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် သုံးလက်အတွက် ငွေကျပ် သိန်း ၁၅၀၊ လက်ပစ်ဗုံး နှစ်လုံးအတွက် ငွေကျပ် ခြောက်သိန်း၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ ၄၈ ဦးအတွက် တစ်ဦးလျှင် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၄၈ သိန်း စုစုပေါင်းဆုကြေးငွေကျပ် ၂၀၄ သိန်းနှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများကို ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်မှ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး လေးဦး၊ ပင်းတယမြို့နယ်မှ အမျိုးသား ၁၂ ဦး၊ ရွာငံမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်မှ အမျိုးသား တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်မှ အမျိုးသားတစ်ဦး၊ မကွေးတိုင်းဒေသကြီး မကွေးမြို့မှ အမျိုးသား တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ အမျိုးသား တစ်ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ကယားပြည်နယ် မယ်စဲ့မြို့နယ်မှ အမျိုးသား တစ်ဦးတို့ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် DPLA နှင့် KNPP အဖွဲ့များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။






ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိသဖြင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ များစွာကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"၂၀၂၄ ခုနှစ် မတ်လမှာ ပင်းတယမြို့နယ် သိမ်ကုန်းကျေးရွာမှာ မိဘနဲ့အတူနေထိုင်စဉ် DPLA အကြမ်းဖက်အဖွဲ့ရဲ့ စည်းရုံးမှုကြောင့် ကျောက်မဲမြို့နယ်ထဲမှာ သင်တန်းအမှတ်စဉ်(C-4) သင်တန်း တက်ရောက်ခဲ့ရပါတယ်။ သင်တန်းဆင်းပြီးတော့ နောင်ချိုဒေသမှာ တာဝန်ထမ်းဆောင်ခဲ့ပြီး ကျွန်တော်တို့အနေနဲ့ DPLA အကြမ်းဖက်အဖွဲ့မှာဆက်နေရင် အသက်သေဆုံးနိုင်သလို မသေရင်လဲ အဖမ်းခံရနိုင်တာကြောင့် ၂၀၂၆ ခုနှစ် စက်တင်ဘာလမှာ အလင်းဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်ရောက်တော့လဲ တပ်မတော်မှ တာဝန်ရှိသူတွေက သားသမီးလို ညီအစ်ကိုလို နွေးထွေးစွာ ပြောဆိုဆက်ဆံတယ်။ ကောင်းမွန်စွာထားပြီး မိသားစုသဖွယ် စောင့်ရှောက်တဲ့အတွက် လွန်စွာဝမ်းသာကျေးဇူးတင်မိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ အခုလို အလင်းဝင်တဲ့လမ်းကြောင်းကို ရွေးချယ်ခဲ့တာမှန်ကန်တယ်လို့မြင်မိပါတယ်။ တောထဲမှာ ကျန်ရှိခဲ့တဲ့ လူငယ်တွေကိုလဲ တောထဲမှာနေပြီး အကြောင်းမဲ့ အသက်သေဆုံးမယ့်အစား မိသားစုနဲ့အတူ ဘဝကို အေးချမ်းစွာဖြတ်သန်းနိုင်ဖို့ တပ်မတော်နဲ့ လက်တွဲကာ အလင်းဝင်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်" ဟု ပြောသည်။

"၂၀၂၅ ခုနှစ် ဇန်နဝါရီလမှာ အကြမ်းဖက်အဖွဲ့ထဲဝင်ရောက်ခဲ့ပြီး ကျောက်မဲမြို့နယ်ထဲမှာ သင်တန်းအမှတ်စဉ်(A-6)ကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီးတော့ DPLA အကြမ်းဖက်အဖွဲ့ အမျိုးသမီးတပ်ရင်းမှာ ထမင်းချက်လိုက် ဟင်းချက်လိုက် လုပ်ပေးခဲ့ရပါတယ်။ DPLA အကြမ်းဖက် အဖွဲ့မှာနေရတာ ပင်ပန်းတယ်၊ ဆင်းရဲတယ်၊ မိသားစုနဲ့ ခွဲခွာနေထိုင်ရတယ်၊ လူငယ်ဘဝ အခွင့်အလမ်းတွေလဲ ဆုံးရှုံးတယ်၊ ဘယ်အချိန်သေမယ်မှန်းမသိ အဲ့ဒါကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှာ ထွက်ပြေးခဲ့ပါတယ်။ အဲဒီနောက်တော့ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှာ အလင်းဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်ရောက်တော့လဲ တပ်မတော်မှ တာဝန်ရှိသူတွေက ညီအစ်ကိုမောင်နှမလို သားသမီးလို နွေးထွေးစွာပြောဆိုဆက်ဆံတယ်။မိသားစုသဖွယ် ဆက်ဆံတဲ့အတွက် ကျွန်မ ဝမ်းသာကျေနပ်ခဲ့ရပါတယ်။ အဲ့ဒါကြောင့် ကျွန်မအနေနဲ့ အခုလို အလင်းဝင်ရောက်တဲ့ လမ်းကြောင်းကို ရွေးချယ်ခဲ့တာ မှန်ကန်တယ်လို့ မြင်မိပါတယ်။ တောထဲမှာ ကျန်ရှိခဲ့တဲ့ လူငယ်တွေကို တောထဲမှာနေပြီး အကြောင်းမဲ့ အသက်သေဆုံးမယ့်အစား မိသားစုနဲ့အတူ ပြန်လည်နေထိုင်ပြီး ဘဝကိုအေးချမ်းစွာ ဖြတ်သန်းနိုင်ဖို့ တပ်မတော်နဲ့အတူ လက်တွဲပြီး အလင်းဝင်ရောက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်ရှင့်"ဟုပြောသည်။

(၅၀၁)

---

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။**

# စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ မိတ္ထီလာခရိုင်နှင့်ရမည်းသင်းခရိုင်တို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး အောက်တိုဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှု၊ အတွေ့အကြုံများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သက်ဆိုင်ရာဝန်ကြီးများက ရှင်းလင်းတင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေး ပြောကြားကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများနှင့် ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုပြမြေပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများကို မဖြိုဖျက်မီတွေ့ရစဉ်။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို ယန္တရားများဖြင့် စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးနေမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၇**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်းလုံးဝအခြေမချနိုင်သည်ထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများကို အပိုင်း သုံးပိုင်းခွဲ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ရာ ဇန်နဝါရီ ၉ ရက်တွင် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံ အလုံး ၁၄၀ အပြီးတိုင်ဖြိုချ ဖျက်ဆီးခြင်းများကို အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ဆောင်ရွက်ခဲ့ရာ ပထမပိုင်းအနေဖြင့် အဆောက်အအုံ ၇၇ လုံးကို ဇူလိုင် ၂၆ ရက်တွင် စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယပိုင်းအနေဖြင့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံး၊ လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံး ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျထပ်မံဖြိုချဖျက်ဆီးခြင်းများကို အောက်တိုဘာ ၆ ရက်မှစ၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ငါးထပ်အဆောက်အအုံ တစ်လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ခြောက်ထပ် အဆောက်အအုံ တစ်လုံးကိုလည်း ယမ်းပြင်ယမ်းကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံများကို အမြန်ဆုံးဖြိုချဖျက်ဆီးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | | | |
|---|---|---|---|---|
| ၁။ ကာကွယ်ရေးဝန်ကြီးဌာန | ၂။ ဥပဒေရေးရာဝန်ကြီးဌာန | ၃။ ပြန်ကြားရေးဝန်ကြီးဌာန | ၄။ Myawady Webportal | ၅။ Myanmar National Portal |
| (https://www.mod.gov.mm) | (https://www.mlis.gov.mm) | (https://www.moi.gov.mm) | (https://myawady.net.mm) | (https://myanmar.gov.mm) |

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

ဒေါက်တာအောင်ညွန့်ပိုင်

**နိဒါန်း**

၂၁ ရာစု၏ ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေး ရေစီးကြောင်းတွင် နိုင်ငံတစ်နိုင်ငံ၏ ကမ္ဘာ့အလယ် ရပ်တည်နိုင်မှု၊ ရေရှည်တည်ငြိမ်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုတို့သည် ထိုနိုင်ငံတွင် ရှိရင်းစွဲသဘာဝ သယံဇာတပေါကြွယ်ဝမှုအပေါ်တွင် အခြေမခံတော့ဘဲ လူသားအရင်းအမြစ်၏ အရည်အသွေးနှင့် ဉာဏစွမ်းအားအပေါ်တွင်သာ တိုက်ရိုက်မူတည်နေသည်။ ခေတ်မီတိုးတက်သော လူ့အဖွဲ့အစည်းတိုင်းသည် ၎င်းတို့၏ နိုင်ငံသားများကို အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော လူများဖြစ်လာစေရန် ပညာရေးကဏ္ဍတွင် အဓိကထား ရင်းနှီးမြှုပ်နှံကြသည်။

"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဟူသည့် ဆောင်ပုဒ်သည် ရိုးရှင်းသော်လည်း နက်ရှိုင်းသော မူဝါဒအနှစ်သာရကို ဖော်ဆောင်နေသည်။ စာသင်ခန်းများနှင့် ကျောင်းများရှိ ကလေးငယ်များကို စနစ်တကျ ကောင်းမွန်စွာ ပုံဖော်ပေးနိုင်မှသာ နိုင်ငံတော်၏ အနာဂတ်အတွက် ခိုင်မာစိတ်ချရသော လူမှုစီးပွားဗိသုကာ အုတ်မြစ်ကို ချမှတ်နိုင်မည်ဖြစ်သည်။

**ကျောင်းနှင့် စာသင်ခန်းသည် လူ့အဖွဲ့အစည်း၏ အစပြုရာ**

စာသင်ခန်းများအတွင်း သင်ကြားပေးသော သင်ခန်းစာများသည် စာပေတတ်မြောက်ရန်နှင့် ဘာသာရပ်ဆိုင်ရာ အသိပညာရပ်များရရှိရန် သက်သက်သာမက လူ့အဖွဲ့အစည်းအတွင်း အတူတကွ ပေါင်းသင်းဆက်ဆံ ရှင်သန်ရပ်တည်နိုင်ရေးအတွက် လိုအပ်သော လူမှုကျင့်ဝတ်နှင့် အခြေခံစည်းကမ်းများကို စတင်လေ့ကျင့်ပေးရာ အစောဆုံး လူ့အဖွဲ့အစည်းဖြစ်သည်။

**ဒီမိုကရေစီနှင့် ပူးပေါင်းဆောင်ရွက်မှုကျင့်စဉ်**

မတူညီသော မိသားစုနောက်ခံသမိုင်းကြောင်း ကွဲပြားသော စရိုက်လက္ခဏာရှိသည့် ကလေးငယ်များသည် စာသင်ခန်းအတွင်းသို့ ရောက်ရှိလာချိန်တွင် အတူတကွ အဖွဲ့လိုက်အလုပ်လုပ်တတ်စေရန်၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားသမှု ရှိစေရန်နှင့် ကွဲပြားမှုများကို လက်ခံတတ်စေရန် စာသင်ခန်းအတွင်း၌ စတင်လေ့ကျင့်ရသည်။ ၎င်းသည် နောင်အနာဂတ်တွင် အသွင်ကွဲပြားမှုများကြား စည်းလုံးညီညွတ်သော နိုင်ငံတော်ကို တည်ဆောက်ရာ၌ အရေးကြီးဆုံးသော အခြေခံအုတ်မြစ်ဖြစ်သည်။

**ကိုယ်ကျင့်တရားနှင့် နိုင်ငံသားကောင်းစိတ်ဓာတ်**

ကျောင်းတော်သည် နိုင်ငံတော်၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် လူမှုကျင့်ဝတ်များကို စတင်အသိမှတ်ပြုလိုက်နာတတ်အောင် ပုံသွင်းပေးရာ ဗဟိုချက်ဖြစ်သည်။ စာသင်ခန်းအတွင်း စည်းကမ်းလိုက်နာခြင်း၊ သူတစ်ပါးအခွင့်အရေးကို မထိပါးခြင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း စသည့်အလေ့အထများသည် နောင်တွင် တရားဥပဒေစိုးမိုးပြီး ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းဖြစ်လာစေရန် ဖန်တီးပေးသည်။

**မိဘ၊ အုပ်ထိန်းသူများနှင့် လူထုအခြေပြု ပညာရေး အခန်းကဏ္ဍ**

"မိဘများကလည်း ပို့ဖြစ်အောင် ပို့ပေးကြပါ" ဟူသော တိုက်တွန်းချက်သည် ကမ္ဘာလုံးဆိုင်ရာ အခွင့်အရေးဖြစ်သည့် ကလေးငယ်တိုင်း "ပညာသင်ယူခွင့် " မဆုံးရှုံးစေရန် မိဘအုပ်ထိန်းသူများနှင့် လူ့အဖွဲ့အစည်းတွင် မရှိမဖြစ်တာဝန်ရှိကြောင်း မီးမောင်းထိုးပြနေသည်။

**အခြေခံပညာရေးကို လက်လှမ်းမီစေခြင်း**

မိဘများသည် မိမိတို့၏ သားသမီးများကို စီးပွားရေးအခြေအနေကြောင့်သော်လည်းကောင်း၊ အခြားသော အကြောင်းပြချက်များကြောင့်သော်လည်းကောင်း ကျောင်းမထားဘဲနေခြင်းမှ ရှောင်ကြဉ်ရမည်။ ကလေးငယ်များကို အနည်းဆုံး မူလတန်းနှင့် အခြေခံပညာအထက်တန်းပညာရေးကို ပြီးမြောက်အောင်မြင်အောင် ပံ့ပိုးတွန်းအားပေးရန် တာဝန်ရှိသည်။ ကျောင်းနေရွယ်ကလေးငယ်အားလုံး ကျောင်းသို့ရောက်ရှိရေးသည် မိဘတိုင်း၏ ကနဦး မူဝါဒပန်းတိုင်ဖြစ်ရမည်ဖြစ်သည်။

**အိမ်တွင်းပညာရေးနှင့် ပတ်ဝန်းကျင်ကောင်း ဖန်တီးမှု**

ကျောင်းနှင့်အိမ်ကြား ချိတ်ဆက်မှုအားကောင်းခြင်းက ကလေးငယ်များ၏ သင်ယူလိုစိတ်ကို နှစ်ဆတိုးတက်စေသည်။ မိဘများသည် ကျောင်းသို့ ပို့ရုံမျှဖြင့် မိမိတာဝန်ပြီးဆုံးပြီဟု မမှတ်ယူဘဲ အိမ်တွင်လည်း စာဖတ်သည့်အလေ့အထဖန်တီးပေးခြင်း၊ ကျောင်းသင်ခန်းစာများကို ဂရုစိုက်ပေးခြင်းဖြင့် ဆရာ၊ မိဘ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရမည်ဖြစ်သည်။

**၂၁ ရာစုအတွက် မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်မှုလေးခု**

ခေတ်ဟောင်း အလွတ်ကျက်စနစ်သည် ယနေ့ ခေတ်ပြောင်းလဲနေသော နည်းပညာနှင့် စီးပွားရေး အခင်းအကျင်းအတွက် မလုံလောက်တော့ပေ။ ခေတ်မီစာသင်ခန်းများသည် ကလေးငယ်များကို အောက်ပါ ကျွမ်းကျင်မှုလေးခုရရှိအောင် လေ့ကျင့်ပုံသွင်းပေးရမည်ဖြစ်သည်။

ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်းတွင် သတင်းအချက်အလက်များကို အမှန်အမှားခွဲခြားနိုင်ပြီး ပြဿနာများကို အချက်အလက်အခြေပြု၍ ယုတ္တိရှိရှိ ဖြေရှင်းနိုင်စွမ်းရှိခြင်း၊ ထိရောက်စွာ ဆက်သွယ်ပြောဆိုနိုင်စွမ်းတွင် မိမိ၏ထင်မြင်ယူဆချက်နှင့် အတွေးအခေါ်များကို သူတစ်ပါးနားလည်အောင် ရှင်းလင်းပြတ်သားစွာ ဖော်ပြနိုင်စွမ်းရှိခြင်း၊ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းတွင် မတူကွဲပြားသူများနှင့် စိတ်ရှည်လက်ရှည် ပူးပေါင်းကာ အများအကျိုးအတွက် အတူတကွ အလုပ်လုပ်နိုင်စွမ်းရှိခြင်း၊ တီထွင်ဖန်တီးနိုင်စွမ်းတွင် ရိုးအီနေသော ဘောင်များထဲမှထွက်၍ ဆန်းသစ်ပြီး တန်ဖိုးရှိသော စိတ်ကူးစိတ်သန်းအသစ်များကို ဖော်ထုတ်နိုင်စွမ်းရှိခြင်းတို့ဖြစ်သည်။

**❖ နိုင်ငံသားများကို အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော လူများဖြစ်လာစေရန် ပညာရေးကဏ္ဍတွင် အဓိကထား ရင်းနှီးမြှုပ်နှံကြသည်။ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဟူသည့်ဆောင်ပုဒ်သည် ရိုးရှင်းသော်လည်း နက်ရှိုင်းသော မူဝါဒအနှစ်သာရကို ဖော်ဆောင်နေသည်။ စာသင်ခန်းများနှင့် ကျောင်းများရှိ ကလေးငယ်များကို စနစ်တကျ ကောင်းမွန်စွာ ပုံဖော်ပေးနိုင်မှသာ နိုင်ငံတော်၏ အနာဂတ်အတွက် ခိုင်မာစိတ်ချရသော လူမှုစီးပွားဗိသုကာအုတ်မြစ်ကို ချမှတ်နိုင်မည်ဖြစ်သည်။ ❖**

**နိုင်ငံတကာဖြစ်ရပ်မှန် သုတေသနများနှင့်နှိုင်းယှဉ်ချက်များ**

ပညာရေးကို အားပေးခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း ကမ္ဘာ့သမိုင်းတွင် ထင်ရှားသော နမူနာနှစ်ခုရှိသည်။

**စင်ကာပူနိုင်ငံ**

စင်ကာပူနိုင်ငံသည် ၁၉၆၅ ခုနှစ် လွတ်လပ်ရေးရစက သဘာဝသယံဇာတလုံးဝမရှိဘဲ သောက်သုံးရေပင် မလေးရှားနိုင်ငံမှ ဝယ်ယူခဲ့ရသည်။ သို့သော် ဝန်ကြီးချုပ် လီကွမ်ယုသည် "လူသား" ကိုအဓိက သယံဇာတအဖြစ် သတ်မှတ်ကာ ပညာရေး မူဝါဒကို အကြီးအကျယ် ပြုပြင်ပြောင်းလဲခဲ့သည်။ "Thinking Schools, Learning Nation" (တွေးခေါ်နိုင်စွမ်းရှိသော ကျောင်းများနှင့်သင်ယူလေ့လာသော နိုင်ငံ) မူဝါဒဖြင့် ရင်းနှီးမြှုပ်နှံခဲ့ခြင်းကြောင့် ယနေ့တွင် ကမ္ဘာ့အချမ်းသာဆုံးနှင့် နည်းပညာအမြင့်မားဆုံး နိုင်ငံတစ်ခုဖြစ်လာခဲ့သည်။

**တောင်ကိုရီးယားနိုင်ငံ**

တောင်ကိုရီးယားနိုင်ငံသည် ၁၉၅၀ ပြည့်နှစ်ကျော် ကိုရီးယားစစ်ပွဲအပြီးတွင် တစ်နိုင်ငံလုံး ပြာပုံဘဝသို့ရောက်ရှိကာ ဆင်းရဲမှု အဆိုးရွားဆုံး ကြုံတွေ့ခဲ့ရသည်။ တောင်ကိုရီးယားအစိုးရသည် နိုင်ငံတော်ကို ပြန်လည်ထူထောင်ရာ၌ ပညာရေးလိုင်းကို အရှိန်အဟုန်မြှင့်ဖော်ဆောင်ခဲ့သည်။ မိဘများ၏ ပညာရေးအပေါ် ရူးသွပ်မှုနှင့် အစိုးရ၏ ထိရောက်သော မူဝါဒများကြောင့် ဆယ်စုနှစ်အနည်းငယ်အတွင်း ဆင်းရဲသောဘဝမှ ကမ္ဘာ့ထိပ်သီး စီးပွားရေးနှင့် နည်းပညာအင်အားကြီးနိုင်ငံအဖြစ်သို့ ပြောင်းလဲနိုင်ခဲ့သည်။

**ရေရှည်တည်တံ့သော မူဝါဒဆိုင်ရာ မဟာဗျူဟာမြောက် အကြံပြုချက်များ**

ပညာရေးဘတ်ဂျက် ထိရောက်စွာ တိုးမြှင့်ခြင်းတွင် နိုင်ငံတော်ဘတ်ဂျက်၏ သတ်မှတ်ရာခိုင်နှုန်းကို ပညာရေးကဏ္ဍအတွက် ကမ္ဘာ့စံနှုန်းများနှင့်အညီ တိုးမြှင့်သတ်မှတ်ရမည်။ ၎င်းဘတ်ဂျက်ကို ကျောင်းတွင်း အခြေခံအဆောက်အအုံများ ခိုင်မာစေရန်၊ စာကြည့်တိုက်များနှင့် ခေတ်မီလက်တွေ့ခန်းများ တည်ဆောက်ရန်နှင့် သင်ကြားရေးထောက်ကူပြုပစ္စည်းများကို ကျေးလက်၊ မြို့ပြကွာဟချက်မရှိဘဲ ဖြည့်ဆည်းပေးရန်တို့တွင် အသုံးပြုရမည်။

ဆရာ၊ ဆရာမများ၏ အရည်အသွေးနှင့် ဘဝအဆင့်အတန်းမြှင့်တင်ခြင်းတွင် ခေတ်မီသင်ကြားရေးစနစ်နှင့် ကိုက်ညီသော ဆရာဖြစ်မွမ်းမံသင်တန်းများကို စဉ်ဆက်မပြတ် အခမဲ့ပံ့ပိုးပေးရမည်။ Pre-service နှင့် In-service သင်တန်းများကို စနစ်တကျ လုပ်ဆောင်ရမည်။ ဆရာ၊ ဆရာမများ စာပေသင်ကြားရေးတွင်သာ စိတ်နှစ်မြုပ်နိုင်စေရန် ၎င်းတို့၏လစာနှင့် လူမှုစီးပွားဘဝအဆင့်အတန်းကို မြှင့်တင်ပေးရန် လိုအပ်သည်။

**နိဂုံး**

ခြုံငုံသုံးသပ်ရသော် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၏ သော့ချက်သည် ကလေးငယ်များ ဆုံတွေ့ရာ "စာသင်ခန်းများအတွင်း၌သာ" ရှိသည်။ မျိုးဆက်သစ်ကလေးငယ်များကို စာပေတတ်ရုံမျှမက "လူတော်၊ လူကောင်း" ဖြစ်အောင် လေ့ကျင့်ပုံသွင်းပေးခြင်းသည် နိုင်ငံတော်၏ အနာဂတ်ရေရှည်လုံခြုံစိတ်ချရမှုကို ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။

ထို့ကြောင့် မိဘ၊ ဆရာ၊ ကျောင်းသား သုံးပွင့်ဆိုင် ဟန်ချက်ညီညီ ပူးပေါင်းကာ "နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဟူသော ဆောင်ပုဒ်အတိုင်း ပညာရေးကဏ္ဍကို အဓိကမဟာဗျူဟာမြောက် အမျိုးသားရေးမောင်းနှင်အားအဖြစ် ဝိုင်းဝန်းအားပေးမြှင့်တင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **စင်ကာပူနိုင်ငံ၏ တတိယကမ္ဘာမှ ပထမကမ္ဘာသို့ - လီကွမ်ယု**
- **မြန်မာ့ပညာရေး ရေစီးကြောင်းနှင့် ဆရာ အတတ်ပညာအရည်အသွေး မြှင့်တင်ရေး ဗျူဟာ - ဒေါက်တာသန်းဦး(ပညာရေး)**


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဥ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**








## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၁၈၉) ဦးချစ်မောင် အမည်ပေါက် (အလျား ၂၀'-၀" x အနံ ၃၅'-၀")အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဦးကျော်လှိုင်(၉/မခန(နိုင်)၁၄၁၇၁၉)ကိုင်ဆောင်သူမှ (အလျား ၁၆'-၀" x အနံ ၂၅'-၀")၊ အိမ် (၂)ထပ်(ပြင်ဆင်)ခွင့်နှင့် မျက်နှာစာ(၂၀') အုတ်ဝန်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၉/ဂ)၊ ပူစနက်ကျင်း၊ ဦးပိုင်အမှတ်(၁၈၆) ဦးလှမောင် အမည်ပေါက်(အလျား ၁၀' - ၀" x အနံ ၄၀'-၀") အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဒေါ်စန်းစန်း(၉/မခန(နိုင်)၀၀၉၃၃၂)ကိုင်ဆောင်သူမှ (၆၀')၊ ဝါးဝန်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းဝါးဝန်းခြံကာရံခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ အကွက်(၂၅)၊ ဥပုသ်တော်နေ ဦးသူရထွန်း (ဘ) ဦးအေးဘို(၉/အမဇ(နိုင်)၀၆၆၇၈၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-922350)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-975922846**

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ သာယာကုန်းကျေးရွာ(မ)နေ အစ်ကျုံးနုံး (ဘ) ဦးရဲမ်ပြောင်း(၅/ကလထ(နိုင်)၂၀၂၇၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-799725572**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ကြေးမုံ ယနေ့ဖတ်စရာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြား စာမျက်နှာ - ၁၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာအဆင့်မြင့်ဆွေးနွေးပွဲ(Myanmar-Malaysia High Level Business Dialogue 2026)သို့ တက်ရောက်၍ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာအဆင့်မြင့်ဆွေးနွေးပွဲ (Myanmar-Malaysia High Level Business Dialogue 2026)သို့ တက်ရောက်၍ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် မလေးရှားနိုင်ငံတို့ကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် မလေးရှားနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်(NCCIM)တို့ကဦးစီးကျင်းပသည့် မြန်မာ-မလေးရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာအဆင့်မြင့်ဆွေးနွေးပွဲ (Myanmar-Malaysia High Level Business Dialogue 2026)ကို ယနေ့မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆

## ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် DPLA နှင့် KNPP အမည်ခံ အဖွဲ့ဝင် ၄၈ ဦးတို့ကို မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၇**

တပ်မတော်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထား ဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက် သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့်နယ်မြေများကို အပြီးတိုင်ပြန်လည် ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံ တိုင်းရင်းသား ပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာအားပေး ထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များ အနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် **စာမျက်နှာ ၂၇ ကော်လံ ၁** ❖



အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာသူ တစ်ဦးက လက်နက် အပ်နှံစဉ်။

## ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ ပြေးခုန်ပစ်ပြိုင်ပွဲတွင် စံချိန်သစ်များတင်နိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၇**

တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစား ပြိုင်ပွဲများကို လက်ရွေးစင် အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ် အားကစားသမားကောင်းများ **စာမျက်နှာ ၂၃ ကော်လံ ၁** ■



၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲများ ဆက်လက် ယှဉ်ပြိုင်ကစားစဉ်။

## တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ် ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U–18 ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင် ဆက်လက်ကျင်းပသည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် U–18 ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် **စာမျက်နှာ ၂၆ ကော်လံ ၁** ●